## ဓမ္မခန္ဓာ (၁၇) ဂျူးလူမျိုး (ဘနီး အစ္စရေးလ်)

ဥဂဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၀၊ သုတ်ဒေသနာ ၁၁၁ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | سُبْحَانَ الَّذِي أَسْرَى بِعَبْدِهِ لَيْلاً مِّنَ الْمَسْجِدِ الْحَرَامِ إِلَى الْمَسْجِدِ الأَقْصَى الَّذِي بَارَكْنَا حَوْلَهُ لِنُرِيَهُ مِنْ آيَاتِنَا إِنَّهُ هُوَ السَّمِيعُ البَصِيرُ ۞<br>အစိန္တေယျဖြစ်တော်မူသော အရှင်သည် အရှင်၏ အမှုတော်ဆောင်အား ညတစ်ညဥ္စ အရှင်၏ သုတ်ဒေသနာများကို မြင်တွေ့ရန် အလို့ငှာ ဘေးမဲ့ဝတ်ကျောင်းတော်မှ ကျက်သရေမင်္ဂလာ ဝန်းရံထားသည့် အဝေး၌ရှိသော ဝတ်ကျောင်းတော်သို့ ခရီးထွက်စေ၏၊[၆၂၁] ဧကန်ပင် အရှင်သည် ကြားနေသောအရှင် မြင်နေသောအရှင် ဖြစ်တော်မူ၏။ |
| ၂။ | وَآتَيْنَا مُوسَى الْكِتَابَ وَجَعَلْنَاهُ هُدًى لِّبَنِي إِسْرَائِيلَ أَلاَّ تَتَّخِذُواْ مِن دُونِي وَكِيلاً ۞<br>ငါသည် မူဆာအား ကျမ်းတော်တစ်ပါးကို ချီးမြှင့်ခဲ့၏၊ ၎င်းကို ဂျူးလူမျိုးတို့အတွက် "ငါ့အား တုပြိုင်လျှက် အခြား အုပ်ထိန်းသူကို အယူမထားကြလင့်၊"ဟု လမ်းညွှန်အဖြစ် စီရင်တော်၏။ |
| ၃။ | ذُرِّيَّةَ مَنْ حَمَلْنَا مَعَ نُوحٍ إِنَّهُ كَانَ عَبْدًا شَكُورًا ۞<br>သူတို့သည် နူးဟ်နှင့်အတူ ငါ သယ်ဆောင်လာသူများ၏ သားစဉ်မြေးဆက် ဖြစ်၏၊ သူသည် ကျေးဇူးသိတတ်သော အမှုတော်ဆောင် ဖြစ်၏။ |
| ၄။ | وَقَضَيْنَا إِلَى بَنِي إِسْرَائِيلَ فِي الْكِتَابِ لَتُفْسِدُنَّ فِي الأَرْضِ مَرَّتَيْنِ وَلَتَعْلُنَّ عُلُوًّا كَبِيرًا ۞<br>ကျမ်းတော်တွင် ဂျူးလူမျိုးတို့အား ငါ စီရင်ချက်ချသည်မှာ "သင်တို့သည် မြေကမ္ဘာ၌ အဖျက်အနှောင့်ကို နှစ်ကြိမ်ပြုကြလတ္တံ့၊ ကြီးစွာသော မောက်မာမှုကို ပြုကျင့်ကြလတ္တံ့၊"ဟု ဖြစ်၏။ |
| ၅။ | فَإِذَا جَاء وَعْدُ أُولاهُمَا بَعَثْنَا عَلَيْكُمْ عِبَادًا لَّنَا أُوْلِي بَأْسٍ شَدِيدٍ فَجَاسُواْ خِلاَلَ الدِّيَارِ وَكَانَ وَعْدًا مَّفْعُولاً ۞ |

(၆၂၁) ဤသုတ်တော်သည် အစ္စလာမ်သာသနာဝင်များ လောကတွင် ကိုယ်တော်သည် မေရာဂျ် (အာကာသခရီး) သို့ကြွမြန်းတော် မူသည်ဟု ထင်ရှားသော သုတ်တော် တစ်ပါး ဖြစ်ပေသည်။ ဤခရီး၌ ပရမတ်ဘုရားရှင်က ကိုယ်တော့အား ကျမ်းမြတ်ကုရ်အံကို ချမှတ်ပေးလိုက်သည် ဟုလည်း လက်ခံယုံကြည်ထားကြပေသည်။ ဤသုတ်တော်မှ **မာ့ဆ်ဂျစ်ဒ် အာ့က်ဆွာဟ်** ဆိုသည်ကို ဂျေရုဆလင်ရှိ ဗလီဝတ်ကျောင်းတော်ဟု နားလည်ထားခြင်းကို ဝမ်းနည်းဘွယ် တွေ့ရပေသည်။ ထိုသို့ဖွင့်ဆိုခြင်းမှာ နိုင်ငံရေးမကင်းသော ဖွင့်ဆိုမှုတစ်ရပ်သာ ဖြစ်ပေသည်။ ဘုရားရှင်သည် ကိုယ်တော့အား ဂျေရုဆလင်ဗလီသို့ ခေါ်ဆောင်၍ ကျမ်းတော်အား ချမှတ်ပေးရန် အကြောင်း မရှိချေ။ ဤသုတ်တော်တွင် ဘေးမဲ့ဝတ်ကျောင်းတော် ဆိုသည်မှာ ကာအ်ဘာ ကျောင်းတော် သို့မဟုတ် မက္ကာဟ်မြေကို ဆိုလိုပြီး **မာ့ဆ်ဂျစ်ဒ် အာ့က်ဆွာဟ်** အဝေး၌ရှိသော ကျောင်းတော်ဟု ဆိုသည်မှာ ကမ္ဘာဂြိုလ်နှင့် အလင်းနှစ် သန်းပေါင်းများစွာ ဝေးသော နေရာကို ရည်ညွှန်းပေသည်။ ကျမ်းတော်တွင် ကိုယ်တော်သည် လူသားအပေါင်း၏ စံပြုနမူဟု ဆိုထားသဖြင့် ကိုယ်တော်သည် အနာဂါတ်မျိုးဆက်များ အနေဖြင့် အာကာသထဲ၌ အလွန်ဝေးကွာသော ခရီးကို ညတညတည်း သို့မဟုတ် အချိန်တိုအတွင်း ခရီးသွားနိုင်မည်ဖြစ်ကြောင်း သက်သေပြသွားခြင်းပင် ဖြစ်ပေသည်။ ထိုအကြောင်းကို ကိုယ်တော်၏ မြင်ကွင်းသည် လူသားအပေါင်းအား စုံစမ်းရန် ဖြစ်သည်ဟု (၇၁း၆၀) တွင် ဖေါ်ပြထားပေသည်။ ၁၄း၄၈၊၁၅း၁၄၊၁၅ တွင်ကြည့်ပါ။ ကျမ်းမြတ်ကုရ်အံသည် လောကဓမ္မကို လောကလူသားများ အတွက် စကားလုံးအားဖြင့် ပုံဖေါ်ထားသော ကျမ်းဖြစ်ပေသည်။

| | |
|---|---|
| | ထိုကတိနှစ်ခုအနက် တစ်ခုရောက်လာ သောအခါ၊ အင်အား ဗလကြီးမားသော ငါ၏ အမှုတော်ဆောင်များကို သင့်တို့ အပေါ်၌ ပေါ်ပေါက်စေ၍၊ သင်တို့၏ အိမ်များကို ဝင်ရောက်စီးနင်းကြ၏၊ ငါသည် ကတိတော်ကို အမှန်စီရင်တော်မူ၏။[၆၂၂] |
| ၆။ | ثُمَّ رَدَدْنَا لَكُمُ الْكَرَّةَ عَلَيْهِمْ وَأَمْدَدْنَاكُم بِأَمْوَالٍ وَبَنِينَ وَجَعَلْنَاكُمْ أَكْثَرَ نَفِيرًا ۝<br>တဖန် သင်တို့အား ထိုသူတို့ထက် ပြောင်းလဲစေခဲ့၏၊ ဥစ္စာပစ္စည်း သားသမီးအခြွေအရံများကိုလည်း တိုးစေခဲ့၏၊ များစွာသော တပ်များကိုလည်း တည်ထောင်ပေးခဲ့၏။ |
| ၇။ | إِنْ أَحْسَنتُمْ أَحْسَنتُمْ لِأَنفُسِكُمْ وَإِنْ أَسَأْتُمْ فَلَهَا فَإِذَا جَاء وَعْدُ الآخِرَةِ لِيَسُووُاْ وُجُوهَكُمْ وَلِيَدْخُلُواْ الْمَسْجِدَ كَمَا دَخَلُوهُ أَوَّلَ مَرَّةٍ وَلِيُتَبِّرُواْ مَا عَلَوْاْ تَتْبِيرًا ۝<br>"သင်တို့သည် ကောင်းမွန်ကြလျှင်၊ ထိုကောင်းမွန်မှုသည် သင့်တို့၏ စရိုက်အတွက် ဖြစ်၏၊ အကုသိုလ်သည်လည်း ကိုယ်ပိုင်ပင် ဖြစ်၏၊" ထို့နောက် နောက်ကတိတော် ရောက်လာသောအခါ၊ သင်တို့အား အကုသိုလ်ကို ရင်ဆိုင်စေ၍၊ ဝတ်ကျောင်းတော်သို့ ပထမအကြိမ် ဝင်ခဲ့သကဲ့သို့ ဝင်ရောက်သွားကြလိမ့်မည်။ သူတို့သိမ်းပိုက်သမျှကို အဖျက်ဆီးကြီး ဖျက်ဆီးကြလိမ့်မည်။[၆၂၃] |
| ၈။ | عَسَى رَبُّكُمْ أَن يَرْحَمَكُمْ وَإِنْ عُدتُّمْ عُدْنَا وَجَعَلْنَا جَهَنَّمَ لِلْكَافِرِينَ حَصِيرًا ۝<br>သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အား ကရုဏာ သက်နိုင်ကောင်းလတ္တံ့၊ သို့သော် တရားပျက်ကြလျှင် ငါသည် တရားပျက်ခြင်းဒဏ်ကို ရှိစေ၏၊ ငါသည် ဖုံးကွယ်သူတို့အတွက် ငရဲမီးကို အကျဉ်းထောင် အဖြစ် စီရင်ထားတော်မူ၏။ |
| ၉။ | إِنَّ هَذَا الْقُرْآنَ يِهْدِي لِلَّتِي هِيَ أَقْوَمُ وَيُبَشِّرُ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا كَبِيرًا ۝<br>ကေန်ပင် ဤကုရ်အံကျမ်းတော်သည် အဖြောင့်မတ်ဆုံး လမ်းညွှန်ဖြစ်၍၊ ပြုပြင်ပြောင်းလဲမှု ပြုသော ယုံကြည်သူများ အတွက် သတင်းကောင်း ဖြစ်၏၊ သူတို့အတွက် အကြီးကျယ်ဆုံး အကျိုးဆုသည် ရှိနေ၏။ |
| ၁၀။ | وأَنَّ الَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا ۝<br>ကေန်ပင် နောင်ဘဝအား ယုံကြည်မှုမရှိသော သူတို့အတွက် ငါသည် သူတို့အဘို့ စူးနစ်သော ဝဋ်ကြွေးကို ပြင်ဆင်ထား၏။ |
| ၁၁။ | وَيَدْعُ الإِنسَانُ بِالشَّرِّ دُعَاءهُ بِالْخَيْرِ وَكَانَ الإِنسَانُ عَجُولاً ۝<br>လူသားသည် ကောင်းမြတ်မှုကို ဆုတောင်းသကဲ့သို့ အမင်္ဂလာကိုလည်း ဆုတောင်းတတ်၏၊ လူသားသည် ချုပ်တီးမှု အားနည်းသောကြောင့် ဖြစ်၏။ |

(၆၂၂) ကျမ်းတော်တွင် ဂျူးလူမျိုးကို ဖြစ်စေ အခြားမည်သည့် လူမျိုးကို ဖြစ်စေ သူတို့၏ သမိုင်းကို ပြန်လည်တင်ပြခြင်းမှာ သူတို့အား ကဲ့ရဲ့ သမုတ်ရန်မဟုတ်ချေ၊ လူမျိုးတစ်မျိုးသည် ညီညွတ်ကောင်းမွန်၍၊ လောကအကျိုးကို ပြုကြသော် အင်ပါယာတစ်ခု ဖြစ်နိုင်၍ အင်းအားကြီးမားနိုင်ပြီး၊ လူမျိုးရေးအယူသည်းခြင်း မောက်မာခြင်း အချင်းချင်း မညီညွတ်ခြင်းများ ဖြစ်လာလျှင် အခြား အင်အားကြီးသော သူများ၏ ချေမှုန်းမှုကို ခံရနိုင်ကြောင်း သခ်န်းစာ ယူနိုင်ရန် သွန်သင်ခြင်းသာ ဖြစ်ပသေည်။ ဤသုတ်တော်မှ ဖြစ်ရပ်သည် ဂျူးလူမျိုးများ၏ လူမျိုးရေး အယူသည်းမှုများကြောင့် သူတို့အား ချေမှုန်းခံရသည့်အပြင် သူတို့၏ အမျိုးသားရေး လက္ခဏာဖြစ်သည့် ဂျေရုဆလင် ဝတ်ကျောင်းတော်သည်လည်း ဖျက်ဆီးခံလိုက်ရကြောင်းကို တင်ပြထားပေသည်။ ဤဖြစ်ရပ်သည် ဘီစီ ၅၈၈ ခုနှစ်က ဘေဘီလိုနီးယန်းများ၏ တိုက်ခိုက်သိမ်းပိုက်မှုကို ရည်ညွှန်းပေသည်။
(၆၂၃) ဤမတိုင်မီ သုတ်တော်က ဂျူးလူမျိုးများသည် အလှည့်ပြန်ရခဲ့ကြောင်း ဩဇာအာဏာပြန်လည် ထူထောင်နိုင်ခဲ့ကြောင်းကို တင်ပြပြီး၊ သူတို့သည် ကောင်းမွန်ညီညွတ်ခဲ့လျှင် သူတို့အတွက် မကောင်းမှုကျူးလွန်လျှင်လည်း သူတို့အတွက်ဟု ဤသုတ်တော်က ဖေါ်ပြကာ၊ သူတို့၏ လူမျိုးရေး အယူသည်းမှုကို ပြန်လည် ဖေါ်ညွှန်းပေသည်။ ထိုသို့သော မကောင်းမှုကြောင့် သူတို့အား ရောမဘုရင် တိတု လက်ထက်တွင် ပြန်လည် ချေမှုန်းခံရပြီး၊ သူတို့၏ အမျိုးသားရေး လက္ခဏာဖြစ်သည့် ဂျေရုဆလင် ဝတ်ကျောင်းတော်အား သိမ်းပိုက်လိုက်သည်မှာ ယနေ့ထိတိုင် ဖြစ်ပေသည်။ မဟာလူမျိုးကြီး ဝါဒကို ထူထောင်သော မည်သည့် လူမျိုးသည်မှ နလံထူနိုင်မည် မဟုတ်ဟူသော သခ်န်းစာကို လူသားအပေါင်းအား ဤသုတ်တော်အားဖြင့် သွန်သင်ပေးခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၂။ | **وَجَعَلْنَا اللَّيْلَ وَالنَّهَارَ آيَتَيْنِ فَمَحَوْنَا آيَةَ اللَّيْلِ وَجَعَلْنَا آيَةَ النَّهَارِ مُبْصِرَةً لِتَبْتَغُواْ فَضْلاً مِّن رَّبِّكُمْ وَلِتَعْلَمُواْ عَدَدَ السِّنِينَ وَالْحِسَابَ وَكُلَّ شَيْءٍ فَصَّلْنَاهُ تَفْصِيلاً۝**<br>ငါသည် နေ့နှင့်ညကို လက္ခဏာ နှစ်ရပ်ဖြစ်စေ၏၊ ည၏ လက္ခဏာကို ပျယ်လွင့်စေ၍၊[၆၂၄] နေ့၏လက္ခဏာကို သင်တို့၏ ကံကြမ္မာရှင်ထံမှ သိက္ခာပေးမှုအား ရှာဖွေနိုင်ရန် မြင်နိုင်ခွင့်ကို စီရင်တော်မူလျှက်၊ နှစ်အစဉ်အား တွက်ချက် သိနိုင်ရန် ဖြစ်စေ၏၊ ငါသည် အရာခပ်သိမ်းကုန်အား အသေးစိတ်ရှင်းလင်းချက် အဖြစ်၊ အသေးစိတ်ရှင်းပြတော်မူ၏။ |
| ၁၃။<br>☆၂း၁၇၄ | **وَكُلَّ إِنسَانٍ أَلْزَمْنَاهُ طَآئِرَهُ فِي عُنُقِهِ وَنُخْرِجُ لَهُ يَوْمَ الْقِيَامَةِ كِتَابًا يَلْقَاهُ مَنشُورًا۝**<br>ငါသည် လူသားကိုယ်စီ၏ လုပ်ရှားမှုတိုင်းကို သူ့လည်ပင်း၌ ဆွဲထားတော်မူ၏၊ ၎င်းကို ရပ်တည်မြဲမြံရမည့် နေ့ကာလ၌☆ သူ့အတွက် ထုတ်ယူလာ၍၊ ဖွင့်ထားလျှက် တွေ့စေတော်မူအံ့။ |
| ၁၄။ | **اقْرَأْ كَتَابَكَ كَفَى بِنَفْسِكَ الْيَوْمَ عَلَيْكَ حَسِيبًا۝**<br>သင့်စာအုပ်ကို ဖတ်လော့၊ ဤနေ့တွင် သင့်စရိုက်အတွက် သင်သည် လုံလောက်သော စာရင်းစစ်ဖြစ်လေ၏။ |
| ၁၅။ | **مَّنِ اهْتَدَى فَإِنَّمَا يَهْتَدي لِنَفْسِهِ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا وَلاَ تَزِرُ وَازِرَةٌ وِزْرَ أُخْرَى وَمَا كُنَّا مُعَذِّبِينَ حَتَّى نَبْعَثَ رَسُولاً۝**<br>လမ်းညွှန်မှန်၌ ရှိသူသည် သူ့စရိုက်အတွက် လမ်းညွှန်ဖြစ်၏၊ အပါယ်လမ်း၌ ရှိသူသည် ထိုအပါယ်လမ်းမှာ သူ့ကိုယ်ပိုင် ဖြစ်၏။ မိမိဝန်အား ဝန်ထမ်းနေရသူသည် အခြားသူ၏ ဝန်ကို မထမ်းဆောင်နိုင်ချေ၊ ဥဇဏ်စဉ်ဆောင် တစ်ပါး မပွင့်ပေါ်မှီ အထိ ငါသည် ဝဋ်ဒဏ်သင့်စေခြင်း မရှိချေ။ |
| ၁၆။ | **وَإِذَا أَرَدْنَا أَن نُّهْلِكَ قَرْيَةً أَمَرْنَا مُتْرَفِيهَا فَفَسَقُواْ فِيهَا فَحَقَّ عَلَيْهَا الْقَوْلُ فَدَمَّرْنَاهَا تَدْمِيرًا۝**<br>ငါသည် ဒေသတစ်ခုကို တိမ်ကောစေလျှင်၊ ထိုမှ စည်းဇိမ်ယစ်နေသော သူယုတ်မာတို့ထံသို့ မိန့်ညွှန်ချက်ပို့၍၊ သူတို့ သည် ဓမ္မတော်ကို ဆန့်ကျင်ကြောင်း သက်သေမှန်ဖြစ်စေ၏၊ ထို့နောက် သူတို့အား အပျက်စီးဆုံး ပျက်စီးစေ၏။ |
| ၁၇။ | **وَكَمْ أَهْلَكْنَا مِنَ الْقُرُونِ مِن بَعْدِ نُوحٍ وَكَفَى بِرَبِّكَ بِذُنُوبِ عِبَادِهِ خَبِيرًا بَصِيرًا۝**<br>နူးဟ်၏နောက် မျိုးဆက်မည်မျှကို တိမ်ကောစေခဲ့ပြီနည်း၊ ငါသည် အမှုတော်ဆောင်များ၏ ပြစ်မှုများကို သတင်းရနေ သော အရှင် မြင်သိနေသော အရှင်အဖြစ် လုံလောက်တော်မူပေ၏။ |
| ၁၈။ | **مَّن كَانَ يُرِيدُ الْعَاجِلَةَ عَجَّلْنَا لَهُ فِيهَا مَا نَشَاء لِمَن نُّرِيدُ ثُمَّ جَعَلْنَا لَهُ جَهَنَّمَ يَصْلاهَا مَذْمُومًا مَّدْحُورًا۝**<br>ရမက်ဇောတက် မက်မောသူအား သူ့စံချိန်အလျှောက် ရမက် ဆန္ဒပြည့်စေ၏၊ တဖန် သူ့အတွက် အထင်သေးခံ၊ စွန့် ပါယ်ခံအဖြစ်ဖြင့် တစ်သားကျရန် ငရဲဘုံကို စီမံထားတော်မူ၏၊ |
| ၁၉။ | **وَمَنْ أَرَادَ الآخِرَةَ وَسَعَى لَهَا سَعْيَهَا وَهُوَ مُؤْمِنٌ فَأُولَئِكَ كَانَ سَعْيُهُم مَّشْكُورًا۝**<br>နောင်ဘဝကို လိုလား၍၊ ယုံကြည်သူအဖြစ်ဖြင့် လုံးပမ်းထိုက်သမျှ လုံးပမ်းသော သူ၊ ထိုသူများအတွက် လုံးပမ်းမှုများကို ကျေးဇူးပြုတော်မူ၏။ |
| ၂၀။ | **كُلاًّ نُّمِدُّ هَؤُلاء وَهَؤُلاء مِنْ عَطَاء رَبِّكَ وَمَا كَانَ عَطَاء رَبِّكَ مَحْظُورًا۝**<br>ငါသည် ဤသူများ၊ ထိုသူများ ကိုယ်စီအား သင့်ကံကြမ္မာရှင်၏ ထံမှ အစာရေစာများ တိုးစေခဲ့၏။ သင့်ကံကြမ္မာရှင်၏ စားရေပုံ့ပိုးမှုမှာ ကန့်သတ်ထားသည် မရှိချေ။ |

(၆၂၄) ည၏လက္ခဏာကို ပျယ်လွင့်စေ၍– ဆိုသည်မှာ အကုသိုလ်ကောင်တို့၏ ဩဇာအာဏာသည် ကျဆုံးပျောက်ပျယ်ရမည်ဟု ဟောထားခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ဘုရားရှင်သည် သူတို့အား အမှောင်မှ အလင်းသို့ ထုတ်ယူတော်မူ၏ ဟု ၂း၂၅၇ ဟု ဆိုထားပေသည်။

| | |
|---|---|
| ၂၁။ | انظُرْ كَيْفَ فَضَّلْنَا بَعْضَهُمْ عَلَى بَعْضٍ وَلَلآخِرَةُ أَكْبَرُ دَرَجَاتٍ وَأَكْبَرُ تَفْضِيلا۞<br>သူတို့မှ အချို့ကို အချို့ထက် မည်သို့ သိက္ခာပေးခဲ့သည်ကို ကြည့်ရှုလော့၊ နောင်ဘဝသည် ပိုမိုကြီးကျယ်သော အခွင့်အရေး ရှိ၍၊ ပိုမိုကြီးကျယ်သော သိက္ခာရှိနေ၏။ |
| ၂၂။ | لاَّ تَجْعَل مَعَ اللّهِ إِلَـهًا آخَرَ فَتَقْعُدَ مَذْمُومًا مَّخْذُولاً۞<br>အထင်သေးခံ စွန့်ပါယ်ခံအဖြစ်မှ ကင်းအံ့သောငှာ ပရမတ်ဘုရားရှင်နှင့်အတူ နောက်ဆက်တွဲ ဘုရား မခန့်အပ်ကြလင့်။ |
| ၂၃။ | وَقَضَى رَبُّكَ أَلاَّ تَعْبُدُواْ إِلاَّ إِيَّاهُ وَبِالْوَالِدَيْنِ إِحْسَانًا إِمَّا يَبْلُغَنَّ عِندَكَ الْكِبَرَ أَحَدُهُمَا أَوْ كِلاَهُمَا فَلاَ تَقُل لَّهُمَآ أُفٍّ وَلاَ تَنْهَرْهُمَا وَقُل لَّهُمَا قَوْلاً كَرِيمًا۞<br>သင့်ကံကြမ္မာရှင်က စီရင်ချက်ချသည်မှာ အရှင်မှ အပ အခြားကို မကိုးကွယ်ကြလင့်၊ မိဘတို့အပေါ် ကောင်းမွန်ကြလော့၊ သူတို့မှ တစ်ဦးဖြစ်စေ၊ နှစ်ဦးလုံးဖြစ်စေ ကြီးရင့်လာ၍ သင်နှင့်အတူရှိသော်၊ သူတို့အား “အိုး” ဟုပင် မဆိုကြလင့်၊ မြည်တွန်တောက်တီး မလုပ်ကြလင့်၊ သူတို့အား ကျက်သရေရှိစွာ ပြောဆိုကြလော့။ |
| ၂၄။ | وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ مِنَ الرَّحْمَةِ وَقُل رَّبِّ ارْحَمْهُمَا كَمَا رَبَّيَانِي صَغِيرًا۞<br>ကရုဏာ ပိုင်စိုးသော လက်ရုံးရည်ဖြင့် သူတို့အတွက် နှိမ့်ချလော့၊ “အို ကံကြမ္မာရှင် တပည့်တော်အား ငယ်စဉ်ကပင် စောင့်ရှောက်ခဲ့ သကဲ့သို့ အရှင်သည် သူတို့အား ကရုဏာသက်တော်မူပါ၊”ဟု ပန်ထွာကြလော့။ |
| ၂၅။ | رَّبُّكُمْ أَعْلَمُ بِمَا فِي نُفُوسِكُمْ إِن تَكُونُواْ صَالِحِينَ فَإِنَّهُ كَانَ لِلأَوَّابِينَ غَفُورًا۞<br>သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့၏ စိတ်စရိုက်ကို သိနေတော်မူ၏၊ သင်တို့သည် ပြုပြင်မှု၌ ရှိနေလျှင်၊ အရှင်သည် ခဝါချသူတို့အား လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။ |
| ၂၆။ | وَآتِ ذَا الْقُرْبَى حَقَّهُ وَالْمِسْكِينَ وَابْنَ السَّبِيلِ وَلاَ تُبَذِّرْ تَبْذِيرًا۞<br>နီးစပ်သူများ၊ သူဆင်းရဲများ၊ ခရီးသည်များကို မှန်ကန်စွာ ပေးကမ်းကြလော့၊ အချိုးနှိုးအလဟသ မဖြုန်တီးကြလင့်။ |
| ၂၇။<br><br>☆ ၂း၁၄ | إِنَّ الْمُبَذِّرِينَ كَانُواْ إِخْوَانَ الشَّيَاطِينِ وَكَانَ الشَّيْطَانُ لِرَبِّهِ كَفُورًا۞<br>ဖြုန်းတီးသူများသည် မကောင်းဆိုးဝါး၏ ညီနောင်များ ဖြစ်ကြ၏။ မကောင်းဆိုးဝါးသည်☆ သူ့ကံကြမ္မာရှင်အား ဖုံးကွယ်သူ ဖြစ်၏ |
| ၂၈။ | وَإِمَّا تُعْرِضَنَّ عَنْهُمُ ابْتِغَاء رَحْمَةٍ مِّن رَّبِّكَ تَرْجُوهَا فَقُل لَّهُمْ قَوْلاً مَّيْسُورًا۞<br>သင့်ကံကြမ္မာရှင်၏ထံမှ သင်မျှော်ကိုးသည့် ကရုဏာတော်အား ရှာမှီးနေစဉ် သူတို့အား လှည့်မကြည့်အားသော်၊ သူတို့အား သိမ်မွေ့သော စကားကို ဆိုလော့။ |
| ၂၉။ | وَلاَ تَجْعَلْ يَدَكَ مَغْلُولَةً إِلَى عُنُقِكَ وَلاَ تَبْسُطْهَا كُلَّ الْبَسْطِ فَتَقْعُدَ مَلُومًا مَّحْسُورًا۞<br>သင်၏လက်အား တင်းဆုပ်လျှက် လည်ဂုတ်ပေါ်၌ တင်ထားခြင်းနှင့်၊ လွန်စွာ ဖြန့်ထားခြင်းကို မပြုလင့်၊ လက်ဖွာလွန်းသူသည် မိမိကိုယ်မိမိ အပြစ်တင်မိလျှက် သောကဖြစ်၍ ထိုင်နေရတတ်၏။ |
| ၃၀။ | إِنَّ رَبَّكَ يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ إِنَّهُ كَانَ بِعِبَادِهِ خَبِيرًا بَصِيرًا۞<br>ကေန်ပင် သင်၏ ကံကြမ္မာရှင်သည် စံချိန်ပြည့်မှီသည့် အလျှောက် ရိက္ခာအတွက် ဖြန့်ထားတော်မူ၏၊ စည်းချိန်ချမှတ်တော်မူ၏၊ အရှင်သည် အမှုတော်ဆောင်များကို သတင်းရနေတော်မူ၏၊ မြင်သိနေတော်မူ၏။ |
| ၃၁။ | وَلاَ تَقْتُلُواْ أَوْلادَكُمْ خَشْيَةَ إِمْلاقٍ نَّحْنُ نَرْزُقُهُمْ وَإِيَّاكُم إنَّ قَتْلَهُمْ كَانَ خِطْءًا كَبِيرًا۞<br>ဆင်းရဲနွမ်းပါးမည်ကို ကြောက်၍၊ သင်တို့၏ ကလေးများကို မသတ်ဖြတ်ကြလင့်၊ သူတို့နှင့် သင်တို့ကို ငါ ရိက္ခာထောက် |

| | |
|---|---|
| | တော်မူ၏။ သူတို့အား သတ်ဖြတ်ခြင်းသည် ကြီးကျယ်လှသော ပြစ်မှားမှု ဖြစ်၏။ |
| ၃၂။ | **وَلاَ تَقْرَبُواْ الزِّنَى إِنَّهُ كَانَ فَاحِشَةً وَسَاء سَبِيلاً**۞<br>တရားမဝင်မေထုံမှုကို မချဉ်းကပ်ကြလင့်၊[၆၂၅] ၎င်းသည် မကြားဝံ့မနာသာခြင်း ဖြစ်၍၊ အကုသိုလ် လမ်းစဉ် ဖြစ်၏။ |
| ၃၃။<br>☆၂း၁၇၈ | **وَلاَ تَقْتُلُواْ النَّفْسَ الَّتِي حَرَّمَ اللّهُ إِلاَّ بِالحَقِّ وَمَن قُتِلَ مَظْلُومًا فَقَدْ جَعَلْنَا لِوَلِيِّهِ سُلْطَانًا فَلاَ يُسْرِف فِّي الْقَتْلِ إِنَّهُ كَانَ مَنْصُورًا**۞<br>အမှန်တရား အတွက်မှအပ ဉာဉ်စရိုက်တစ်ခုအား သတ်ဖြတ်ခြင်းကို ပရမတ်ဘုရားရှင်သည် တရားမဝင် ပြုထား၏။ အမိုက်စီးစွာ သတ်ဖြတ်မိသူ အတွက်၊ ၎င်းအား ကွပ်ကဲသူသည် သတ်ဖြတ်မှု၌ စီရင်ခွင့်အာဏာကို အလွဲသုံးစား မပြုရန် ငါ ပြုလုပ်ပေး၏၊ သူသည် အကူအညီကို ရနိုင်၏။☆ |
| ၃၄။ | **وَلاَ تَقْرَبُواْ مَالَ الْيَتِيمِ إِلاَّ بِالَّتِي هِيَ أَحْسَنُ حَتَّى يَبْلُغَ أَشُدَّهُ وَأَوْفُواْ بِالْعَهْدِ إِنَّ الْعَهْدَ كَانَ مَسْؤُولاً**۞<br>မိဘမဲ့တို့၏ ဥစ္စာပစ္စည်းများကို သူတို့ ရင့်ကျက်တည်ငြိမ်သော အရွယ်သို့ရောက်အထိ၊ အကောင်းဖြင့် မဟုတ်ဘဲ မချဉ်းကပ်ကြလင့်။ ကတိကဝတ်ကို ဖြည့်ဆည်းကြလော့၊ ကေန်ပင် ကတိကဝတ်သည် စီစစ်ပြီး ဖြစ်ရမည်။[၆၂၆] |
| ၃၅။ | **وَأَوْفُوا الْكَيْلَ إِذا كِلْتُمْ وَزِنُواْ بِالقِسْطَاسِ الْمُسْتَقِيمِ ذَلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلاً**۞<br>ကုန်ဖလှယ်မှု၌ ဖလှယ်သည့်စည်းကမ်းကို ဖြည့်ဆည်းကြလော့၊ စံသတ်မှတ်ချိန်သောအခါ ဖြောင့်မတ်စွာ ညီမျှစေလော့၊ ဤသည် ကောင်းမြတ်လှ၏၊ ကောင်းမွန်စွာ ပြီးစီးစေ၏။ |
| ၃၆။ | **وَلاَ تَقْفُ مَا لَيْسَ لَكَ بِهِ عِلْمٌ إِنَّ السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ أُولئِكَ كَانَ عَنْهُ مَسْؤُولاً**۞<br>သင့်၌ အသိဉာဏ် ဗဟုသုတ မရှိသော အရာအား လက်ခံအတည်မပြုနှင့်၊ ကေန်ပင် အကြားအရုံ၊ အမြင်အာရုံ၊ ခံစားမှုအာရုံ ၎င်းတို့ကိုယ်စီ စစ်ကြောမေးမြန်းခံရလတ္တံ့။ |
| ၃၇။ | **وَلاَ تَمْشِ فِي الأَرْضِ مَرَحًا إِنَّكَ لَن تَخْرِقَ الأَرْضَ وَلَن تَبْلُغَ الْجِبَالَ طُولاً**۞<br>မြေကမ္ဘာပေါ်၌ ပမာမခန့် မသွားလာကြလင့်၊ သင်သည် မြေကမ္ဘာကို မခွဲပစ်နိုင်၊ တောင်ထိပ်သို့မှီအောင်လည်း မဆန့်ထုတ်နိုင်ချေ။ |
| ၃၈။ | **كُلُّ ذَلِكَ كَانَ سَيٍّئُهُ عِنْدَ رَبِّكَ مَكْرُوهًا**۞<br>ဤ အကုသိုလ် ကိုယ်စီသည် သင့်ကံကြမ္မာရှင်၏ ထံတော်၌ မနှစ်မြို့ဘွယ်များ ဖြစ်၏။ |
| ၃၉။ | **ذَلِكَ مِمَّا أَوْحَى إِلَيْكَ رَبُّكَ مِنَ الْحِكْمَةِ وَلاَ تَجْعَلْ مَعَ اللّهِ إِلَهًا آخَرَ فَتُلْقَى فِي جَهَنَّمَ مَلُومًا مَّدْحُورًا**۞ |

(၆၂၅) ဤသုတ်တော်မှ ပြောဆိုသော မတရားမေထုံမှု **အာဇ်ဇေနီ** ဆိုသည်မှာ တရားမဝင် ကာမေသုမှုကို ဆိုလိုပေသည်။ တရားဝင် လက်ထပ်ဇနီးမောင်နှံအတွက် တရားဝင်သော သဘာဝအတိုင်း မေထုံပြုခြင်းကို မဆိုလိုပေ။ တရားမဝင် ကာမေသု မှုဆိုသည်မှ အဓမ္မပြုကျင့်မှု (မုဒိန်းမှု) လည်း မဟုတ်သေးပေ၊ လူသိရှင်ကြား အကြင်လင်မယား အဖြစ် ကြေငြာထားခြင်း မရှိဘဲ တိတ်တိတ်ပုန်း ရာဂဖြေဖျောက်မှုကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထို့အတွက် မလိုချင်သော ကိုယ်ဝန်များ ရလာနိုင်၍ ထိုကလေးအား သတ်ဖြတ်ခြင်းများ ကျူးလွန်နိုင်ပေသည်။ ထို့အတွက် အထက်ပါ သုတ်တော်တွင် ကလေးများကို သတ်ဖြတ်ခြင်းအား တားမြစ်ထားပြီး ဖြစ်ပေသည်။ တရားမဝင်ရာဂဖြေ ကာမေသုမှုကို ထိရောက်စွာ အရေးယူရမည်ဟု ၂၄း၃ တွင် ဥပဒေ ပြဋ္ဌာန်း ထားပေသည်။ တရားဝင် ဇနီးမောင်နှံဖြစ်သော် မေထုံမှုကို (၁)အမျိုးသမီးသည် ကျမ္မာရေးမကောင်းစဉ် ၂း၂၂၂။ (၂) ဥပုသ် သီလဆောက်တည်စဉ် ၂း၁၈၇။ (၃) ဝဇီပိတ် (အီတိကာဖ်)ကျင့်နေစဉ် ၂း၁၈၇။ (၄)ဝတ်ကြောင်စွန့်ထားစဉ် ၂း၁၉၇၊၁၉၈။ ကာလများတွင် ရှောင်ကြဉ်ရမည် ဖြစ်သည်။ အဓမ္မပြုကျင့်မှု (မုဒိန်းမှု)သည် သာ၍ ကြီးမားသော ပြစ်မှု ဖြစ်သည်။ ထိုအမှုတွင် အလိုမတူမှုကို ကျူးလွန်ခြင်း ပြစ်ဒဏ်နှင့် ကာမေသုမှုပြစ်ဒဏ် ပူးတွဲခံရမည် ဖြစ်၍၊ လူသတ် မုဒိန်းဖြစ်လျှင် လူသတ်မှုနှင့် ကာမေသုပြစ်ဒဏ်ကို ပူးတွဲခံရမည် ဖြစ်သည်။
(၆၂၆) မိဘမဲ့တို့၏ ဥစ္စာပစ္စည်းအား မထိမ်းသိမ်း မစောင့်ရှောက်ပေးမှီ အပြန်အလှန်ထားသော ကတိကဝတ်စည်းမျဉ်းများကို လိုက်နာနိုင်မည် မလိုက်နာနိုင်သည်ကို စီစစ်သုံးသပ်ရမည် ဖြစ်ပြီး၊ လိုက်နာနိုင်ပါသည်ဟု ကတိပေးထားသည်ကို လိုက်နာရမည် ဖြစ်သည်။

| | |
|---|---|
| | ဤသည် သင့်ထံသို့ သင့်ကံကြမ္မာရှင်၏ ဓမ္မသတ်တော်မှ အာရုံစျာန်ဝင်စားပေးရာတို့ ဖြစ်၏။ ရှုံးနိမ့် လောင်ကျွမ်းရမည့် ငရဲထဲသို့ ပစ်ချမခံရအံ့ငှာ ပရမတ်ဘုရားနှင့်အတူ နောက်ဆက်တွဲ ဘုရားများ မစီရင်ကြလင့်။ |
| ၄၀။<br>☆<br>၂း၂၀ | أَفَأَصْفَاكُمْ رَبُّكُم بِالْبَنِينَ وَاتَّخَذَ مِنَ الْمَلآئِكَةِ إِنَاثًا إِنَّكُمْ لَتَقُولُونَ قَوْلاً عَظِيمًا ۝<br>အသို့နည်း၊ သင်တို့၏ ကံကြမ္မာရှင်က သင်တို့အား သားယောကျ်ားများ ချီးမြှင့်၍၊ အရှင်ကိုယ်တိုင် အတွက်မူ နတ်ဒေဝါများမှ☆ သမီးများကို ယူလေသလော၊ သင်တို့၏ ပြောစကားသည် ဝန်ကြီးလှသော စကားပင်ဖြစ်၏။ |
| ၄၁။ | وَلَقَدْ صَرَّفْنَا فِي هَذَا الْقُرْآنِ لِيَذَّكَّرُواْ وَمَا يَزِيدُهُمْ إِلاَّ نُفُورًا ۝<br>သူတို့ သတိရအံ့ငှာ ဤကုရ်အံကျမ်းတော်၌ ထပ်ပြန်တလဲလဲ ဖေါ်ပြ၏၊ သို့သော် ၎င်းသည် သူတို့အတွက် အမုန်းစိတ်ကိုသာ တိုးစေ၏။[၆၂၇] |
| ၄၂။<br>☆ ၁၀း၃ | قُل لَّوْ كَانَ مَعَهُ آلِهَةٌ كَمَا يَقُولُونَ إِذًا لاَّبْتَغَوْاْ إِلَى ذِي الْعَرْشِ سَبِيلاً ۝<br>သူတို့ပြောသကဲ့သို့ အခြားဘုရားများသည် အရှင်နှင့်အတူ ရှိနေလျှင်၊ သူတို့သည် ထပ်ဆင့်ကွပ်ကဲသည့်☆ အရှင်ထံသို့ ရောက်မည့်လမ်းကို ရှာကြံကြလတ္တံ့ ဟု ဟောပြောလော့။[၆၂၈] |
| ၄၃။ | سُبْحَانَهُ وَتَعَالَى عَمَّا يَقُولُونَ عُلُوًّا كَبِيرًا ۝<br>အတုမရှိသော အရှင်သည် သူတို့ ချီးကျူးမှုများထက် အတိုင်းမရှိ ကြီးကျယ်မြင့်မြတ်တော်မူ၏။ |
| ၄၄။<br>☆၂း၂၉ | تُسَبِّحُ لَهُ السَّمَاوَاتُ السَّبْعُ وَالأَرْضُ وَمَن فِيهِنَّ وَإِن مِّن شَيْءٍ إِلاَّ يُسَبِّحُ بِحَمْدَهِ وَلَكِن لاَّ تَفْقَهُونَ تَسْبِيحَهُمْ إِنَّهُ كَانَ حَلِيمًا غَفُورًا ۝<br>အာကာ ခုနစ်ဆက်နှင့် မြေကမ္ဘာကြား☆ ရှိသမျှတို့သည် အရှင့်အား အတုမရှိဟုမှတ်၍၊ အရှင်သည် အတုမဲ့ မဟုတ်ဟု ရည်သန်စူးစိုက်နေသော ဝတ္ထုဟူ၍ စိုးစဉ်းမျှ မရှိချေ။ သို့သော် သူတို့၏ အတုမဲ့ ဆည်းကပ်ခြင်းကို သင်တို့ နားမလည်နိုင်ကြချေ၊ အရှင်သည် သက်ညှာသောအရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်ပေ၏။ |
| ၄၅။<br>☆<br>၇း၁၇၉ | وَإِذَا قَرَأْتَ الْقُرآنَ جَعَلْنَا بَيْنَكَ وَبَيْنَ الَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ حِجَابًا مَّسْتُورًا ۝<br>သင်သည် ကုရ်အံကျမ်းတော်အား ရွတ်ဖတ်သောအခါ၊ သင်နှင့် နောင်ဘဝအား မယုံကြည်သူတို့၏ ကြား၌ မမြင်နိုင်သော ပြည်ဖုံးကားကို ရှိနေစေ၏။☆ |
| ၄၆။ | وَجَعَلْنَا عَلَى قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا وَإِذَا ذَكَرْتَ رَبَّكَ فِي الْقُرْآنِ وَحْدَهُ وَلَّوْاْ عَلَى أَدْبَارِهِمْ نُفُورًا ۝<br>ငါသည် သူတို့၏ နှလုံးသား၌ တံတိုင်းကို စီမံထား၍၊ သူတို့၏ နားများ၌ နားလည်မှုကို ကင်းမဲ့စေ၏။ သင်သည် ကုရ်အံကျမ်းတော်မှ သင့်ကံကြမ္မာရှင်၏ ကောဒိဂုဏ်ကို ရွတ်ဖတ်သောအခါ သူတို့သည် မုန်းတီးစိတ်ဖြင့် ဘက်လှည့်သွားကြ၏။ |

---

(၆၂၇) ကျမ်းတော်သည် မိရိုးဖလာ အယူအဆများအား ထပ်ဆင့် ပြုပြင်ပြောင်းလဲရန် တိုးတက်သော အတွေးအခေါ်များကို ရှာဖွေ ဖေါ်ထုတ်ရန် မကြာခဏ ထပ်ဆင့်ထပ်ဆင့် သတိဖေါ်ပေးသော်လည်း ၎င်းသည်ပင် ထိုလူသားများအတွက် အလွန်ကြီးမားသော ဆန့်ကျင်ဘက် ဝါဒဖြန့်ချီသော စာအုပ်ကြီး အဖြစ်မြင်ကာ အမုန်းစိတ်များ ပွားများပေတော့သည်။ မိမိတို့ကိုယ် မိမိတို့ သုံးသပ်သည်ဟူ၍ မရှိပေ။

(၆၁၈) ပရမတ်ဘုရားချင်နှင့် တစ်ဂိုဏ်းတည်းထား၍ ကိုးကွယ်နေရာများမှာ လူသားတို့အား ဉာဏ်စဉ်ရေးရာ တစ်စုံတစ်ရာအား မချီးမြှင့်နိုင် ဆိုသည်ကို ထိုကိုးကွယ်နေသူများကိုယ်တိုင် သိပေသည်။ တနည်းအားဖြင့် သူတို့လိုက်နာသော ကျမ်းများကိုယ်တိုင် ဉာဏ်စဉ်ဖြင့် သိသော မှတ်တမ်းကျမ်းများဖြစ်လျှင် ထိုတစ်ဆင့်ခံများ၏ ထံမှ မဟုတ်ကြောင်း၊ သူတို့အား ထပ်ဆင့် ကွပ်ကဲထားသည့် ပရမတ်ဘုရားရှင်၏ ထံမှသာ ဖြစ်ကြောင်း ဝန်ခံနေပြီ ဖြစ်သည်။ ထို့ကြောင့် ထိုလူသားများ အနေဖြင့် ဉာဏ်စဉ်ဖြင့် ဆွတ်ခူးရသော ကျမ်းများ၊ အသိများကို လက်ခံလိုလျှင် တစ်ဆင့်ခံများကို ကိုးကွယ်ရာအဖြစ်၊ ဉာဏ်စဉ်တော်၏ နောက်ဆုံးဇစ်မြစ်တော် အဖြစ် လက်မခံဘဲ၊ ပရမတ်ဘုရားရှင်ထံသို့ ဉာဏ်စဉ်ဖြင့် ဆိုက်ရောက်မည့် လမ်းစဉ်ကို ရှာကို ရှာဖွေရလိမ့်မည်ဟု ကျမ်းတော်က အတိအကျ ထောက်ပြထားပေသည်။

| | |
|---|---|
| ၄၇။ | **نَّحْنُ أَعْلَمُ بِمَا يَسْتَمِعُونَ بِهِ إِذْ يَسْتَمِعُونَ إِلَيْكَ وَإِذْ هُمْ نَجْوَى إِذْ يَقُولُ الظَّالِمُونَ إِن تَتَّبِعُونَ إِلاَّ رَجُلاً مَّسْحُورًا** ۞<br>သူတို့သည် သင့်ဘက်သို့ နားစွင့်သောအခါ၊ မည်သည့်အရာကို သူတို့နားထောင်ချင်ကြောင်း ငါသည် ကောင်းစွာ သိတော်မူ၏။ သူတို့ချင်း လျှို့ဝှက်စွာ ဆွေးနွေးသောအခါ၊ အမိုက်ကောင်များက “သင်တို့သည် အခွင့်အာဏာ မရှိသော သူကိုသာ လိုက်နာနေကြ၏၊”ဟု ဆိုကြ၏။ |
| ၄၈။ | **انظُرْ كَيْفَ ضَرَبُواْ لَكَ الأَمْثَالَ فَضَلُّواْ فَلاَ يَسْتَطِيعْونَ سَبِيلاً** ۞<br>သင့်အား မည်သို့ ပမာဆောင် ဖေါ်ပြသည်ကို ကြည့်ရှုလော့၊ သူတို့သည် လမ်းလွဲကြကုန်၏၊ နာခံမည့် လမ်းစဉ် မရှိချေ။ |
| ၄၉။ | **وَقَالُواْ أَئِذَا كُنَّا عِظَامًا وَرُفَاتًا أَإِنَّا لَمَبْعُوثُونَ خَلْقًا جَدِيدًا** ۞<br>သူတို့က “ကျွနုပ်တို့သည် အရိုးများဖြစ်ပြီး၊ ဆွေးမြေ့ကျေမွပြီးသော် အသစ်တဖန် ဖြစ်တည် ပေါ်ထွန်းရမည်လော၊”ဟု မေးကြ၏။[၆၂၉] |
| ၅၀။ | **قُل كُونُواْ حِجَارَةً أَوْ حَدِيدًا** ۞<br>ဟောလော့ “သင်တို့သည် ကျောက်ခဲ သို့မဟုတ် သံ အတိဖြစ်ငြားသော်လည်း– |
| ၅၁။ | **أَوْ خَلْقًا مِّمَّا يَكْبُرُ فِي صُدُورِكُمْ فَسَيَقُولُونَ مَن يُعِيدُنَا قُلِ الَّذِي فَطَرَكُمْ أَوَّلَ مَرَّةٍ فَسَيُنْغِضُونَ إِلَيْكَ رُؤُوسَهُمْ وَيَقُولُونَ مَتَى هُوَ قُلْ عَسَى أَن يَكُونَ قَرِيبًا** ۞<br>သို့မဟုတ် အတွင်းအစွဲတွေ ပိုမို မောက်မာသော အခြား ဖြစ်တည်ခံများ ဖြစ်ငြားသော်လည်း၊” သူတို့က “မည်သူသည် ကျွနုပ်တို့အား ဆက်၍ ဖြစ်စေသနည်း၊”ဟု ပြောကြလတ္တံ့၊ ဟောလော့ “သင်တို့အား ပဌမအကြိမ်က စတည်စေခဲ့သော အရှင်ပင် ဖြစ်၏၊” ထိုအခါ သူတို့၏ ဦးခေါင်းများကို ခါလျက် သင့်အား “ထိုအရာသည် မည်သည့်အချိန်တွင် ဖြစ်မည်နည်း၊”ဟု မေးကြလိမ့်မည်၊ ဟောလော့ “ယင်းသည် အလွန် နီးကပ်နိုင်ကောင်း၏။” |
| ၅၂။ | **يَوْمَ يَدْعُوكُمْ فَتَسْتَجِيبُونَ بِحَمْدِهِ وَتَظُنُّونَ إِن لَّبِثْتُمْ إِلاَّ قَلِيلاً** ۞<br>သင်တို့အား ဖိတ်ခေါ်သော နေ့ကာလ၌၊ အရှင့်အား ရည်သန်ချီးစိုက်လျက် အလိုတူကြကုန်လော့၊ သင်တို့သည် ခေတ္တခဏမျှသာ တည်းခိုခဲ့ရသည်ဟု ထင်မှတ်ကြလတ္တံ့။ |
| ၅၃။ | **وَقُل لِّعِبَادِي يَقُولُواْ الَّتِي هِيَ أَحْسَنُ إِنَّ الشَّيْطَانَ يَنزَغُ بَيْنَهُمْ إِنَّ الشَّيْطَانَ كَانَ لِلإِنْسَانِ عَدُوًّا مُّبِينًا** ۞<br>ငါ၏ အမှုတော်ဆောင်များအား ကောင်းမွန်စွာ ပြောဆိုကြလော့ဟု ဟောပြောလော့၊ မကောင်းဆိုးဝါးသည် သူတို့၏ ကြား၌ ယိမ်းယိုင်စေလိမ့်မည်၊ မကောင်းဆိုးဝါးသည် လူသားတို့အတွက် ပွင့်လင်းထင်ရှားသော အတိုက်အခံပင် ဖြစ်၏။ |
| ၅၄။ | **رَّبُّكُمْ أَعْلَمُ بِكُمْ إِن يَشَأْ يَرْحَمْكُمْ أَوْ إِن يَشَأْ يُعَذِّبْكُمْ وَمَا أَرْسَلْنَاكَ عَلَيْهِمْ وَكِيلاً** ۞<br>သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အကြောင်းကို အသိဆုံးဖြစ်တော်မူ၏။ စံချိန်ပြည့်မှီသည့်အလျောက် သင်တို့အား ကရုဏာသက်တော်မူ၍၊ စံချိန်ပြည့်မှီနှင့်အညီ သင်တို့အား ဝင့်ကြွေးသင့်စေမည်ပင်၊ ငါသည် သင့်အား သူတို့အတွက် ရှေ့နေရှေ့ရပ် အဖြစ် စေစားသည် မဟုတ်ချေ။[၆၃၀] |

---

(၆၂၉) ကျမ်းတော်တွင် သေသည် ဆိုခြင်းမှာ ဘဝသေနေသူများကို မကြာခဏ ရည်ညွှန်းပေသည်၊ ဤသုတ်တော်တွင် ဆိုသော ပြန်လည် ရှင်သန်ရမည် ဆိုခြင်းမှာ နာမ်ပိုင်းဆိုင်ရာ ပြန်လည် ရှင်သန်လာရမည်ကို ရည်ညွှန်းပေသည်။ ထိုအကြောင်းအရာကို သုတ်တော် (၅၀၊၅၁) တွင်လည်း ပြန်လည် ဖေါ်ပြထားပေသည်၊ သူတို့၏ တလွဲသော အမျိုးသားရေးစိတ်၊ လူမျိုးကြီးစိတ်များ၌ နစ်မွန်းလျက် ခေါင်းမာခဲ့မှုများကို ကျောက်ခဲ သံခဲ၊ ထိုထက် နှလုံးသာ မာကျော မောက်မာမှုများဖြင့် ပုံဆောင်ထားပေသည်။ ခေါင်းခါသူများဆိုသည်မှာ အတွေးအခေါ်သစ်များဖြင့် ပြန်လည် ထွန်းတောက်ရမည်ကို လက်မခံသူများကို ရည်ညွှန်းပေသည်။

| | |
|---|---|
| ၅၅။<br>☆<br>၁၆း၄၄ | وَرَبُّكَ أَعْلَمُ بِمَن فِي السَّمَاوَاتِ وَالأَرْضِ وَلَقَدْ فَضَّلْنَا بَعْضَ النَّبِيِّينَ عَلَى بَعْضٍ وَآتَيْنَا دَاوُودَ زَبُورًا۞<br>သင့်ကံကြမ္မာရှင်သည် မိုးများနှင့် မြေ၌ ရှိသူတို့၏ အကြောင်းကို သိနေတော်မူ၏၊ အရှင်သည် သတင်းတော်ဆောင်များ အနက် အချို့ကို အချို့ထက် သိက္ခာထွန်းတောက်စေတော်မူ၏။ ငါသည် ဒါဝိဒ်အား ကျမ်းငယ်ကို☆ ချီးမြှင့်ခဲ့၏။[၆၂၁] |
| ၅၆။ | قُلِ ادْعُواْ الَّذِينَ زَعَمْتُم مِّن دُونِهِ فَلاَ يَمْلِكُونَ كَشْفَ الضُّرِّ عَنكُمْ وَلاَ تَحْوِيلا۞<br>ဟောလော့ "အရှင်နှင့် ဂုဏ်ပြိုင်လျက် သင်တို့ ဆန္ဒဖက်သော သူများထံ၌ ဆုတောင်းကြည့်လော့၊ သူတို့သည် သင်တို့၌ သက်သော ဥပါဒ်ကို ဖယ်ရှားနိုင်သည် မဟုတ်၊ လွှဲပြောင်းနိုင်သည်လည်း မဟုတ်ချေ။" |
| ၅၇။ | أُولَئِكَ الَّذِينَ يَدْعُونَ يَبْتَغُونَ إِلَى رَبِّهِمُ الْوَسِيلَةَ أَيُّهُمْ أَقْرَبُ وَيَرْجُونَ رَحْمَتَهُ وَيَخَافُونَ عَذَابَهُ إِنَّ عَذَابَ رَبِّكَ كَانَ مَحْذُورًا۞<br>သူတို့သည်ပင် သူတို့၏ ကံကြမ္မာရှင်ထံ၌ ဆုတောင်းလျက် အရှင်နှင့် နီးကပ်မည့် လမ်းကို ရှာမှီးနေကြ၏။ အရှင်၏ ကရုဏာတော်အား ရှေ့ရှုကြ၏၊ ဝဋ်ကြွေးဒဏ်အား ကြောက်ရွံ့ကြ၏။ သင့်ကံကြမ္မာရှင် ပြဋ္ဌာန်းသောဝဋ်ကြွေးသည် သတိထားစရာပင် ဖြစ်၏။ |
| ၅၈။ | وَإِن مَّن قَرْيَةٍ إِلاَّ نَحْنُ مُهْلِكُوهَا قَبْلَ يَوْمِ الْقِيَامَةِ أَوْ مُعَذِّبُوهَا عَذَابًا شَدِيدًا كَانَ ذَلِك فِي الْكِتَابِ مَسْطُورًا۞<br>ရပ်တည်မြဲမြံရမည့် နေ့ကာလမတိုင်မီ ငါသည် မြို့ရွာဒေသများအား တိမ်ကောစေမည်၊ သို့မဟုတ် ပြင်းထန်သော ဝဋ်ကြွေးဖြင့် ဝဋ်ဒဏ်သင့်စေမည်၊ ယင်းကို လောကဓမ္မ၌ မှတ်တမ်းတင်ပြီး ဖြစ်၏။[၆၂၂] |
| ၅၉။<br>☆ ၇း၇၃ | وَمَا مَنَعَنَا أَن نُّرْسِلَ بِالآيَاتِ إِلاَّ أَن كَذَّبَ بِهَا الأَوَّلُونَ وَآتَيْنَا ثَمُودَ النَّاقَةَ مُبْصِرَةً فَظَلَمُواْ بِهَا وَمَا نُرْسِلُ بِالآيَاتِ إِلاَّ تَخْوِيفًا۞<br>ရှေးမျိုးဆက်များသည် သုတ်ဒေသနာများကို ငြင်းဆန်ခြင်းကြောင့်သာ ငါ ချမှတ်ပေးရာတို့ကို တားမြစ်ခြင်း ဖြစ်၏၊ ငါသည် သမု–ဒ်တို့ထံ မြင်သာသော ကုလားအုပ်မကို☆ ချီးမြှင့်၏၊ သူတို့သည် သူမအား မတရားပြုကြ၏၊ ငါသည် သုတ္တန်များကို စိုးကြောက်တတ်စေရန် အတွက်သာ စေစားတော်မူ၏။ |
| ၆၀။ | وَإِذْ قُلْنَا لَكَ إِنَّ رَبَّكَ أَحَاطَ بِالنَّاسِ وَمَا جَعَلْنَا الرُّؤيَا الَّتِي أَرَيْنَاكَ إِلاَّ فِتْنَةً لِّلنَّاسِ وَالشَّجَرَةَ الْمَلْعُونَةَ فِي |

---

(၆၂၀) ဤသုတ်တော်သည် အစ္စလာမ်သာသနာ၏ အဓိက သိမှတ်လိုက်နာအပ်သည့် သီလကို ဖေါ်ပြပေသည်၊ မည်သည့်ဆရာသမား၊ ဘာသာရေးခေါင်းဆောင်၊ လူသားဥာဏ်စဉ်တော်ဆောင်သည်မှ နောက်လိုက်ဒကာများ၏ အပြစ်ဝဋ်ကြွေးအတွက် ရှေ့နေလိုက်ပေး၍ မရချေ၊ မည်သူမဆို မိမိပြုကျင့်သော ကောင်းကျိုးဆိုးကျိုးများ၏ ရလဒ်ကို မိမိသာ ခံစားရမည် ဖြစ်ပေသည်။ လူသား ဥာဏ်စဉ်တော်ဆောင်များမှာ သူတို့ဆွတ်ခူးရရှိသော ဥာဏ်စဉ်တော်အားဖြင့် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော လောကဓမ္မကို သိခွင့်ရ၍ လူသားအပေါင်းအား ကောင်း ဆိုး နည်းလမ်း နည်းနာများကို ပြောပြနိုင်သူများသာ ဖြစ်ပေသည်။

(၆၂၁) လူမျိုးတိုင်းအတွက် သတင်းတော်ဆောင်များ ပွင့်ပေါ်ခဲ့သော်လည်း အချို့မှာ အချို့ထက် ဂုဏ်သတင်းပို၍ ကျော်ဇောသည်မှာ ဓမ္မတာပင်၊ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်သည့် သမိုင်းတွင်လည်း မြောက်များစွာသော သတင်းတော်ဆောင်များအနက် ဒါဝိဒ်မင်းကြီးမှာ လွန်စွာကျော်ဇောသည့်အပြင် ခရစ်တော် ကိုယ်တိုင်က သူသည် ဒါဝိဒ်၏ အမျိုး ဒါဝိဒ်၏ အနွယ်ဟု ပြောရ ကိုးကားရလောက်အောင် ဩဇာလွှမ်းမိုးထားပေသည်၊ (ရောမ ၁း၃။ ဗျာဒိတ် ၂၂း၁၆။ လုကာ ၁း၃၂)။ ကုရ်အံကျမ်းတော်တွင် သင်းတော်ဆောင်၊ ဥာဏ်စဉ်တော်ဆောင်များကို ဖေါ်ပြသမျှတွင် ကိုယ်တော်မုဟမ္မဒ်အတွက် နမူနာပေးသည် ဖြစ်၍၊ ကိုယ်တော်သည်လည်း ပွင့်ပေါ်သမျှသော သတင်းတော်ဆောင်၊ ဥာဏ်စဉ်တော်ဆောင်များထက် ဂုဏ်သတင်းကျော်ဇောရမည်ဟု နိမိတ်ပေးထားခြင်း ဖြစ်ပေသည်။

(၆၂၂) မည်သည့် မြို့ရွာဒေသတိုင်းသည် မဆို အတွေးအခေါ်မျိုးဆက်ဟောင်းများ တိမ်ကောပျောက်ကွယ်သွားရပြီး မျိုးဆက်သစ်များ ထွန်းပေါ်ရမည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ ရပ်တည်မြဲမြံရမည့် ကာလ ဆိုသည်မှာ ကမ္ဘာမြေပျက်စီးရသော နေ့ကာလ တစ်ခုတည်းကိုသာ မဆိုလိုကြောင်း ၂း၇၄ တွင် ရှင်းပြပြီး ဖြစ်ပေသည်။

| | |
|---|---|
| | **الْقُرْآنِ وَنُخَوِّفُهُمْ فَمَا يَزِيدُهُمْ إِلاَّ طُغْيَانًا كَبِيرًا۝**<br>သင့်အား ငါ မိန့်သည်မှာ သင့်ကံကြမ္မာရှင်သည် လူသားတို့အား ဝိုင်းရံထားတော်မူ၏၊ ငါက သင့်အား မြင်စေသော မြင်ကွင်းမှာ[၆၃၃] လူသားတို့အား ခုံရုံးတင်ခြင်းနှင့် ကုရ်အံကျမ်းတော်မှ ကျိန်စာသင့် သစ်ပင်အကြောင်း သာလျှင် ဖြစ်၏၊ သူတို့အား စိုးကြောက်စေသော်လည်း သူတို့သည် ကြီးစွာသော မှောက်မှားမှုကိုသာ တိုးပွားလျက် ရှိနေ၏။[၆၃၄] |
| ၆၁။<br><br>☆၂း၃၅ | **وَإِذْ قُلْنَا لِلْمَلآئِكَةِ اسْجُدُواْ لآدَمَ فَسَجَدُواْ إَلاَّ إِبْلِيسَ قَالَ أَأَسْجُدُ لِمَنْ خَلَقْتَ طِينًا۝**<br>ငါက နိမိတ်ဆောင်တို့ကို "အာဒံအား ဦးချကြလော့"ဟု မိန့်သော်၊ ဦးချကြကုန်၏၊ သို့သော် ရှေးရိုးစွဲ– သူက "မြေမှုန့်မှ ဖြစ်တည်စေသော သူအား ဦးချရမည်လော၊"ဟု ဆို၏။☆ |
| ၆၂။ | **قَالَ أَرَأَيْتَكَ هَذَا الَّذِي كَرَّمْتَ عَلَيَّ لَئِنْ أَخَّرْتَنِ إِلَى يَوْمِ الْقِيَامَةِ لأَحْتَنِكَنَّ ذُرِّيَّتَهُ إَلاَّ قَلِيلاً۝**<br>သူက "အရှင်သည် တပည့်တော်ထက် ပို၍ ကျက်သရေရှိစေသော သူအား ကြည့်ရှုသုံးသပ်ပါလော့၊ တပည့်တော်အား ရပ်တည်မြဲမြံရမည့် နေ့ကလထိ နောက်ဆုတ်ပေးထားပါလျှင်၊ အနည်းငယ်မှအပ သူ၏ သားစဉ်မြေးဆက်များကို တပည့်တော် သိမ်းသွင်းနိုင်ပါ၏၊"ဟု ဆိုသော်၊ |
| ၆၃။ | **قَالَ اذْهَبْ فَمَن تَبِعَكَ مِنْهُمْ فَإِنَّ جَهَنَّمَ جَزَآؤُكُمْ جَزَاء مَّوْفُورًا۝**<br>အရှင်က "သွားလော့၊ သူတို့အထဲမှ သင့်အား လိုက်နာသူများကို သင်တို့၏ ရလဒ်အဖြစ် ငရဲသို့ ပို့တော်မူမည်၊ ပြည့်ပြည့်ဝဝ အကျိုးရလဒ်ပင် ဖြစ်၏။– |
| ၆၄။<br><br>မြင်း<br>တပ်<br>၈း၆၀ | **وَاسْتَفْزِزْ مَنِ اسْتَطَعْتَ مِنْهُمْ بِصَوْتِكَ وَأَجْلِبْ عَلَيْهِم بِخَيْلِكَ وَرَجِلِكَ وَشَارِكْهُمْ فِي الأَمْوَالِ وَالأَوْلادِ وَعِدْهُمْ وَمَا يَعِدُهُمُ الشَّيْطَانُ إِلاَّ غُرُورًا۝**<br>–သင်၏ လေသံဖြင့် သူတို့မှ နာခံသူတို့အား သွေးဆောင်လော့၊ သူတို့နှင့် ဆန့်ကျင်၍ သင်၏ **ခြေမြန်တပ်**၊ ခြေလျှင်တပ်များကို စုဆောင်းလော့၊ သူတို့၏ ဥစ္စာပစ္စည်း သားသမီးများနှင့် ကတိသစ္စာများ၌ ရောပြွန်းပါဝင်စေလော့၊ မကောင်းဆိုးဝါး၏ ကတိသစ္စာသည် လှည့်စားမှုသာ ဖြစ်၏။ |
| ၆၅။ | **إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ وَكَفَى بِرَبِّكَ وَكِيلاً۝**<br>ငါ၏ အမှုတော်ဆောင်များအား သင်သည် ဩဇာအာဏာ မရှိချေ၊ သင့်ကံကြမ္မာရှင်သည် သူတို့အတွက် ကာကွယ်သူအဖြစ် လုံလောက်၏။ |
| ၆၆။ | **رَّبُّكُمُ الَّذِي يُزْجِي لَكُمُ الْفُلْكَ فِي الْبَحْرِ لِتَبْتَغُواْ مِن فَضْلِهِ إِنَّهُ كَانَ بِكُمْ رَحِيمًا۝**<br>အရှင်၏ သိက္ခာပေးခြင်းမှ ရှာဖွေနိုင်ရန် သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အဘို့ငှာ ရေယာဉ်များကို ပင်လယ်ပြင်၌ ခုတ်မောင်းစေသော အရှင်ဖြစ်၏။ အရှင်သည် သင်တို့အတွက် ကရုဏာသက်နေသော အရှင် ဧကန် ဖြစ်၏။ |

(၆၃၃) များစွာသော ဆရာတော်ကြီးများက ဤသုတ်တော်တွင် ဖေါ်ပြသော ကိုယ်တော်မုဟမ္မဒ်၏ မြင်ကွင်းမှာ သုတ်တော် (၁၇း၁)၌ ဖေါ်ပြသော ကိုယ်တော်သည် အာကာသ ခရီးသို့ သွားစဉ် မြင်ခဲ့ရသော ငရဲဘုံတွင်းရှိ လူသားတို့ အခြေအနေဖြစ်ကြောင်း ဖွင့်ဆိုကြပေသည်၊ သို့သော် ထို့အတွက် ဤကုရ်အံကျမ်းတော်တွင် အထောက်အထား မပါပေ။ ကုရ်အံကျမ်းတော်အရ ကိုယ်တော်သည် သဗ္ဗညုဉာဏ်တော်ရ ပုဂ္ဂိုလ်ဖြစ်သောကြောင့် ငရဲဘုံသားများ ခံစားရမည့် ဘဝ၊ သုခဘုံသားများ စံစားရမည့် ဘဝကို မည်သည့် အခြေအနေတွင် မဆို အာရုံစျာန်ဝင်စားလျှက် မြင်တွေ့နိုင်ပေသည်။ ဤသုတ်တော်ပါ မြင်ကွင်း ဆိုသည်မှာ လူသားတို့အား ခုံရုံးတင်မည်ဟု တိုက်ရိုက်ပြောထားသောကြောင့် အမှန်တရား ထွန်းကားလာသောအခါ– အမှားတရားဘက်မှ စွဲစွဲမြဲရပ်တည်ခဲ့သော သူများမှာ သူတို့၏ ကျူးလွန်မှုများကို စစ်ဆေးခံရမည်ဟု ဖြစ်ပေသည်။

(၆၃၄) ဤသုတ်တော်ပါ ကျိန်စာသင့် သစ်ပင် ဆိုသည်ကိုလည်း ဆရာတော်ကြီးများက ကျမ်းတော်၏ ၃၇း၆၂၊၆၃၊၆၄ နှင့် ၄၄း ၄၃–၄၈ တွင် ဖေါ်ပြသည့် ပဒိုင်းပင် ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ ကျမ်းတော်တွင် ကောင်းမှုကို ဆောင်သူများအတွက် သူတို့အတွက် ခံစားရရန် ကောင်းသော သစ်ပင်ရှိသည်ဟု ပမာပေး၍၊ မကောင်းမှုကို ပြုသူတို့အတွက် မကောင်းမှုကို ခံစားရမည့် သစ်ပင်ရှိသည်ဟု ဆိုပေသည်၊ (၁၄း၂၄–၂၆)။ မကောင်းမှုသည်လည်း အမြစ်တွယ်တတ်သော သစ်ပင် ဖြစ်သည်ဟု ဆိုပေသည်၊ ၂း၃၅။

| | |
|---|---|
| ၆၇။ | **وَإِذَا مَسَّكُمُ الْضُّرُّ فِي الْبَحْرِ ضَلَّ مَن تَدْعُونَ إِلاَّ إِيَّاهُ فَلَمَّا نَجَّاكُمْ إِلَى الْبَرِّ أَعْرَضْتُمْ وَكَانَ الإِنْسَانُ كَفُورًا۞**<br>ပင်လယ်ပြင်၌ သင်တို့အား ဘေးဥပါဒ် ထိသက်သော် အရှင်မှအပ အခြား ဆုတောင်းခံများကို လွဲချော်ခဲ့၍၊ သို့သော် အရှင်သည် သင်တို့အား ကမ်းခြေသို့ ကယ်နုတ်လာသောခါ၊ ချက်ချင်း ဘက်ပြောင်းကြကုန်၏၊ လူသားသည်ကား ဖုံးကွယ်တတ်သူပင် ဖြစ်၏။ |
| ၆၈။ | **أَفَأَمِنتُمْ أَن يَخْسِفَ بِكُمْ جَانِبَ الْبَرِّ أَوْ يُرْسِلَ عَلَيْكُمْ حَاصِبًا ثُمَّ لاَ تَجِدُواْ لَكُمْ وَكِيلاً۞**<br>သင်တို့အား မြေနိမ့်ပိုင်းသို့ ကျစေခြင်းမှ ဖြစ်စေ၊ သင်တို့ထံသို့ သဲမုန်တိုင်းကို စေစားခံရခြင်းမှ ဖြစ်စေ လုံခြုံစိတ်ချရပြီဟု သင်တို့ ထင်ကြသလော၊ သို့ဖြစ်သော် သင်တို့အတွက် ကာကွယ်မည့်သူကို တွေ့ရမည် မဟုတ်ချေ။ |
| ၆၉။ | **أَمْ أَمِنتُمْ أَن يُعِيدَكُمْ فِيهِ تَارَةً أُخْرَى فَيُرْسِلَ عَلَيْكُمْ قَاصِفا مِّنَ الرِّيحِ فَيُغْرِقَكُم بِمَا كَفَرْتُمْ ثُمَّ لاَ تَجِدُواْ لَكُمْ عَلَيْنَا بِهِ تَبِيعًا۞**<br>သို့မဟုတ် အရှင်သည် သင်တို့အား နောက်တစ်ကြိမ် ဆက်မဖြစ်တော့ဟု၊ သင်တို့အား နစ်မြုပ်စေမည့် လေကို မစေတော့ဟု သင်တို့၏ ဖုံးကွယ်မှုများကြောင့် စိတ်ချနေကြသလော၊ ထဖန် ထိုအဖြစ်သနစ်၌ ငါ့အား ဆန့်ကျင်၍ လိုက်နာရမည့်သူကို တွေ့ရမည် မဟုတ်ချေ။ |
| ၇၀။ | **وَلَقَدْ كَرَّمْنَا بَنِي آدَمَ وَحَمَلْنَاهُمْ فِي الْبَرِّ وَالْبَحْرِ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ وَفَضَّلْنَاهُمْ عَلَى كَثِيرٍمِّمَّنْ خَلَقْنَا تَفْضِيلاً۞**<br>မုချပင် ငါသည် အာဒံ၏ သားသမီးများအား ကျက်သရေ ရှိစေ၏၊ ကုန်းလမ်း ရေလမ်းဖြင့် ဆောင်ကြဉ်းပေးတော်မူ၏၊ သူတို့အား သန့်စင်ရာများမှ ရိက္ခာထောက်ပေး၏၊ ငါ ဖြစ်တည်ပေးသောသူ များစွာထက် သိက္ခာပေးခြင်းဖြင့် သိက္ခာပေးတော်မူ၏။ |
| ၇၁။ | **يَوْمَ نَدْعُو كُلَّ أُنَاسٍ بِإِمَامِهِمْ فَمَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ فَأُوْلَئِكَ يَقْرَؤُونَ كِتَابَهُمْ وَلاَ يُظْلَمُونَ فَتِيلاً۞**<br>လူသားကိုယ်စီ သူတို့၏ ဦးဆောင်များနှင့်အတူ ဖိတ်ခေါ်ခံရသော နေ့၌၊ သူ့ မှတ်တမ်းအား အားသန်ရာ လက်သို့ပေးအပ်ခံရသူသည် သူ့တို့၏ စာအုပ်ကို သူတို့ဖတ်ရလတ္တံ့၊ သူတို့အား အမှုံအမွှားမျှပင် အမိုက်သင့်စေမည် မဟုတ်ချေ။ |
| ၇၂။ | **وَمَن كَانَ فِي هَذِهِ أَعْمَى فَهُوَ فِي الآخِرَةِ أَعْمَى وَأَضَلُّ سَبِيلاً۞**<br>ဤပစ္စုပ္ပာန်၌ ကန်းသော သူသည်၊ အနာဂါတ်တွင်လည်း မျက်စိကန်းလျက် လွဲမှားသော လမ်းစဉ်၌ ရှိလတ္တံ့။ |
| ၇၃။<br>ကုရ်အံ | **وَإِن كَادُواْ لَيَفْتِنُونَكَ عَنِ الَّذِي أَوْحَيْنَا إِلَيْكَ لِتفْتَرِيَ عَلَيْنَا غَيْرَهُ وَإِذًا لاَّتَّخَذُوكَ خَلِيلاً۞**<br>သူတို့သည် သင်အား သင့်ထံ၌ အာရုံဖြစ်တည်ပေးရာမှ တိမ်းဖယ်စေလို၏၊ ငါ့အား ဆန့်ကျင်လျက် **၎င်း**ထက် အခြားအရာကို ဖန်တီးစေလို၏၊ သို့မှသာ သင့်အား မိတ်ဆွေအဖြစ် မှတ်ယူလိုကြ၏။ |
| ၇၄။ | **وَلَوْلاَ أَن ثَبَّتْنَاكَ لَقَدْ كِدتَّ تَرْكَنُ إِلَيْهِمْ شَيْئًا قَلِيلاً۞**<br>ငါသည် သင့်အား မခိုင်မာစေခဲ့လျှင် သင်သည် သူတို့ဘက်သို့ အနည်းငယ် စိုးစဉ်းမျှ ယိမ်းညွှတ်နိုင်ကောင်း၏။[၆၃] |

(၆၃) ဤဝါကျမှ (အကယ်၍) "လျှင်" ဆိုသည်ကို အာရ်ဗီစကား **ဝလောင်းဝ်** ဟု သုံးသောကြောင့် လုံးဝ မဖြစ်နိုင်သော အချေအနေကို သုံးပေသည်။ ဥပမာ "ကျွန်ုပ်သာ သမ္မတဖြစ်ခဲ့လျှင် ဤအလုပ်ကို လုပ်ပေအံ့" ဆိုသော စကားမျိုးပင်၊ ပြောသူသည် သမ္မတ မဟုတ်ပေ။ ထို့ကြောင့် ဤသုတ်တော်တွင် ကိုယ်တော်သည် သူတို့၏ အလိုသို့ တိမ်းညွှတ်ကောင်း တိမ်းညွှတ်လတ္တံ့ ဆိုသည်မှာ လုံးဝ မဖြစ်နိုင်၊ လုံးဝ မတိမ်းညွှတ်ကြောင်းကို ဆိုလိုပေသည်။

| | |
|---|---|
| ၇၅။ | **إِذاً لَّأَذَقْنَاكَ ضِعْفَ الْحَيَاةِ وَضِعْفَ الْمَمَاتِ ثُمَّ لاَ تَجِدُ لَكَ عَلَيْنَا نَصِيرًا**۞<br>သို့ဖြစ်သော် ငါသည် သင့်အား ဤသက်တမ်း၌ နှစ်ဆ၊ ခန္ဓာဝန်ချပြီးနောက် နှစ်ဆ မြည်းစမ်းစေမည်ပင်၊ တဖန် ငါ့အား ဆန့်ကျင်၍ ကူညီမည့်သူကို တွေ့ရမည် မဟုတ်ချေ။ |
| ၇၆။ | **وَإِن كَادُواْ لَيَسْتَفِزُّونَكَ مِنَ الأَرْضِ لِيُخْرِجوكَ مِنْهَا وَإِذًا لاَّ يَلْبَثُونَ خِلافَكَ إِلاَّ قَلِيلاً**۞<br>သူတို့သည် သင့်အား တိုင်းပြည်မှ ပျောက်လွင့်သွားဘို့ရာ၊ ထိုမှ နှင်ထုတ်ပစ်ဘို့ရာ လိုလားကြ၏။ သင်မရှိသည့်နောက် သူတို့သည် ခေတ္တမျှသာ အချေခိုင်ပေတော့မည်။[၆၃၆] |
| ၇၇။<br>☆<br>၃၀း၃၀ | **سُنَّةَ مَن قَدْ أَرْسَلْنَا قَبْلَكَ مِن رُّسُلِنَا وَلاَ تَجِدُ لِسُنَّتِنَا تَحْوِيلاً**۞<br>သင့်မတိုင်မီ စေစားသော ငါ၏ ဥဇ္ဇာစဉ်ဆောင်များသည်လည်း မုချပင် ဤဓလေ့တော် အတိုင်းရှိ၏။ ငါ၏ ဓလေ့တော် အား လွှဲပြောင်းနိုင်သူဟု တွေ့ရမည် မဟုတ်ချေ။☆ |
| ၇၈။ | **أَقِمِ الصَّلاَةَ لِدُلُوكِ الشَّمْسِ إِلَى غَسَقِ اللَّيْلِ وَقُرْآنَ الْفَجْرِ إِنَّ قُرْآنَ الْفَجْرِ كَانَ مَشْهُودًا**۞<br>နေသည် မွန်းလွဲမှတ်မှ ညဘက် ဆည်းဆာချိန်ထိ မေတ္တာဓိဋ္ဌာန်၌ ရပ်တည်ကြလော့၊ အလင်းဖြာထွက်– ကုရ်အံ၊ အလင်းဖြာထွက် ကုရ်အံကို သက်သေဖြစ်စေ၏။[၆၃၇] |
| ၇၉။ | **وَمِنَ اللَّيْلِ فَتَهَجَّدْ بِهِ نَافِلَةً لَّكَ عَسَى أَن يَبْعَثَكَ رَبُّكَ مَقَامًا مَّحْمُودًا**۞<br>ည၏ အထဲ၌ သင့်အတွက် အပိုဆုဖြစ်ရန် နိုးထလော့၊ သင့်ကံကြမ္မာရှင်သည် သင့်အား ရည်သန်စူးစိုက်ခံရသော ရပ်တည်မှုခိုင်သော အဆင့်သို့ မြှင့်တင်နိုင်ကောင်း၏။[၆၃၈] |
| ၈၀။ | **وَقُل رَّبِّ أَدْخِلْنِي مُدْخَلَ صِدْقٍ وَأَخْرِجْنِي مُخْرَجَ صِدْقٍ وَاجْعَل لِّي مِن لَّدُنكَ سُلْطَانًا نَّصِيرًا**۞<br>"ကံကြမ္မာရှင် တပည့်တော်အား ဖြောင့်မတ်သော ဝင်ခြင်းဖြင့် ဝင်ခွင့်ပြုပါ၊ ဖြောင့်မတ်သော ထွက်ခွာခြင်းဖြင့် ထွက်ခွာခွင့်ပြုပါ၊ အရှင့်၏ ထံပါးမှ တန်ခိုးအာဏာဖြင့် တပည့်တော်အား ကူညီလျက် ခန့်အပ်တော်မူပါ။"ဟု ဆုတောင်းလော့။ |
| ၈၁။ | **وَقُلْ جَاء الْحَقُّ وَزَهَقَ الْبَاطِلُ إِنَّ الْبَاطِلَ كَانَ زَهُوقًا**۞<br>ဟောလော့ "သစ္စာတရား ရောက်ရှိလာပြီ၊ မိစ္ဆာတရားမှ ကွယ်ပျောက်ရပြီ။ ကေန်ပင် မိစ္ဆာတရားသည် ကွယ်ပျောက်ရမည်သာတည်း။" |
| ၈၂။ | **وَنُنَزِّلُ مِنَ الْقُرْآنِ مَا هُوَ شِفَاء وَرَحْمَةٌ لِّلْمُؤْمِنِينَ وَلاَ يَزِيدُ الظَّالِمِينَ إَلاَّ خَسَارًا**۞<br>ငါသည် ကုရ်အံကျမ်းတော်မှ– ယုံကြည်သူတို့အတွက် ကုစားရာနှင့် ကရုဏာတော်အား ချမှတ်တော်မူပြီ။ အမိုက်စီးသူတို့အား ပျက်စီးဆုံးရှုံးရခြင်းကိုသာ တိုးပွားစေ၏။ |

(၆၃၆) ကိုယ်တော်၏ အတိုက်အခံများသည် ကိုယ်တော့အား စည်းရုံးသိမ်းသွင်း၍ မရနိုင်သည့် အဆုံး (သုတ်တော် ၇၄)၊ ကိုယ်တော့အား အဆုံးစီရင်ရန် သို့မဟုတ် တိုင်းပြည်မှ မောင်းထုတ်ပစ်ရန် ကြံစည်ကြပေသည်။ သူတို့ မောင်းထုတ်ပြီး၊ ကိုယ်တော်သည် မဒီနာသို့ တိမ်းရှောင်ရပြီးနောက် ထို အာဏာရှင်များသည် အလွန်တိုတောင်းသော ကာလ (၈)နှစ်သာ သူတို့၏ အာဏာကို ထိန်းထားနိုင်ခဲ့ပြီး ကျဆုံးသွားရပေသည်။

(၆၃၇) ဤသုတ်တော်သည် အစ္စလာမ် သာသနာဝင်တို့အား တစ်နေ့တာလုံး မေတ္တာဓိဋ္ဌာန် (ဆွလတ်) တည်ရန် ပညတ်ပေးသော သုတ်တော် တစ်ပါးဖြစ်၍၊ ကိုယ်တော်မုဟမ္မဒ်အား မက္ကာဟ်မြို့မှ နှင်မထုတ်မီကာလတွင် ချမှတ်ကြောင်း အထက်ပါသုတ်တော်များအရ သိနိုင်ပေသည်။ နေ့သည် မွန်းလွဲမှတ်နှင့် ဆည်းဆာချိန်၊ နေ့လည် ဇုဟ်ရ ဆလွတ်၊ ဆည်းဆာအစ အဆွာရ် ဆွလတ်၊ ညသို့ ယိမ်းသော ဆည်းဆာ မဂ္ဂရိဗ် ဆွလတ် နှင့် ညပိုင်း အီရှာဆွလတ်၊ တို့ ဖြစ်သည်ဟု ဆရာကြီးများက ဖွင့်ဆိုကြသည်။ ကျမ်းမြတ်ကုရ်အံသည် အမှောင်ထု အမှောင်ခေတ်ကို ခွဲထုတ်ပစ်သော အလင်းရောင် ဖြစ်သည်၊ သို့ဖြစ်၍ ကျမ်းတော်အတိုင်း ဘဝတည် ဆောက်ခြင်းသည်၊ ဆွလာတ်၌ ရပ်တည်ခြင်း ဖြစ်ကြောင်း ဤသုတ်တော်မှ ဖေါ်ပြပေသည်။

(၆၃၈) ဤသုတ်တော်မှ **တဟ်ဂျတ်** (တဟ်ဂျ္ဂဒ်) ကို နဖီလ် နှင့် တွဲဆက်ဖေါ်ပြသောကြောင့် အစ္စလာမ်သာသနာဝင်များသည် ညည့်နက်ပိုင်း တဟ်ဂျ္ဂဒ် ဆွလတ်ကို အပို ဆလွတ် (တာဝန်သတ်မှတ်မှု မရှိသော်လည်း အကျိုးရှိသော ဆွလတ်အဖြစ်) သတ်မှတ် ကျင့်ဆောင်ကြပေသည်။

| | |
|---|---|
| ၈၃။ | وَإِذَآ أَنْعَمْنَا عَلَى الإِنسَانِ أَعْرَضَ وَنَأَى بِجَانِبِهِ وَإِذَا مَسَّهُ الشَّرُّ كَانَ يَؤُوسًا۝<br>ငါသည် လူသားအား ဂုဏ်ပေးသောအခါ၊ သူသည် ပုန်ကန်၍ ထောင်ထားခြားနား၏။ သူ့အား အမင်္ဂလာ သင့်သော အခါ အားငယ်စိတ်ပျက်၏။ |
| ၈၄။ | قُلْ كُلٌّ يَعْمَلُ عَلَى شَاكِلَتِهِ فَرَبُّكُمْ أَعْلَمُ بِمَنْ هُوَ أَهْدَى سَبِيلاً۝<br>ဟောလော့ "နည်းဟန်ကိုယ်စီဖြင့် ကျင့်ကြံနေကြ၏၊ သင်တို့၏ ကံကြမ္မာရှင်က မည်သူသည် ညွှန်ပြသော လမ်းစဉ်၌ ရှိသည်ကို သိနေတော်မူ၏၊" |
| ၈၅။<br>☆ ၂:၈၇ | وَيَسْأَلُونَكَ عَنِ الرُّوحِ قُلِ الرُّوحُ مِنْ أَمْرِ رَبِّي وَمَا أُوتِيتُم مِّن الْعِلْمِ إِلاَّ قَلِيلاً۝<br>ဉာဏ်စဉ်တော်နှင့်☆ စပ်လျဉ်း၍ မေးမြန်းကြသူတို့အား၊ ဟောလော့ "ဉာဏ်စဉ်တော်သည် ကံကြမ္မာရှင်၏ စီမံချက်မှ ဖြစ်၏၊ သင်တို့အား ချီးမြှင့်ခြင်းမှာ အသိကွန်ယက်မှ အနည်းငယ်မျှသာ ဖြစ်၏။"[၆၃၉] |
| ၈၆။ | وَلَئِن شِئْنَا لَنَذْهَبَنَّ بِالَّذِي أَوْحَيْنَا إِلَيْكَ ثُمَّ لاَ تَجِدُ لَكَ بِهِ عَلَيْنَا وَكِيلاً۝<br>စံချိန်ပြည့်မှီလျှင် သင့်၌ ငါ အာရုံဖြစ်တည်ပေးထားရာကို ပြန်လည် ရုပ်သိမ်းပစ်နိုင်၏၊ သို့ဖြစ်လျှင် ငါ့အား ဆန့်ကျင်၍ သင့်အတွက် ရပ်တည်ပေးသူကို တွေ့ရမည် မဟုတ်ချေ။ |
| ၈၇။ | إِلاَّ رَحْمَةً مِّن رَّبِّكَ إِنَّ فَضْلَهُ كَانَ عَلَيْكَ كَبِيرًا۝<br>ဤသည် သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာ ဖြစ်၏၊ အရှင်၏ သိက္ခာပေးခြင်းသည် သင့်အပေါ်၌ ကေန် ကြီးမားလှ၏။ |
| ၈၈။<br>☆ ၆:၁၀၀<br>✡ ၂:၂၃ | قُل لَّئِنِ اجْتَمَعَتِ الإِنسُ وَالْجِنُّ عَلَى أَن يَأْتُواْ بِمِثْلِ هَذَا الْقُرْآنِ لاَ يَأْتُونَ بِمِثْلِهِ وَلَوْ كَانَ بَعْضُهُمْ لِبَعْضٍ ظَهِيرًا۝<br>ဟောလော့ "လူသားနှင့် ပုတုဇဉ်တို့သည်☆ ဤကုရ်အံ ကဲ့သို့ ထုတ်လုပ်ရန် စုပေါင်းကြသော်လည်း ထိုကဲ့သို့ ထုတ်လုပ်နိုင်သည် မဟုတ်ချေ။✡ သူတို့သည် အချင်းချင်း အမှီသဟဲပြုသူများ ဖြစ်ကြ၏။ |
| ၈၉။ | وَلَقَدْ صَرَّفْنَا لِلنَّاسِ فِي هَذَا الْقُرْآنِ مِن كُلِّ مَثَلٍ فَأَبَى أَكْثَرُ النَّاسِ إِلاَّ كُفُورًا۝<br>ငါသည် လူသားများ အတွက် ဤကုရ်အံကျမ်းတော်၌ ဥပမာ အဖုံဖုံကို တင်ပြ၏၊ သို့သော် လူသား အများစုသည် ဖုံးကွယ်ခြင်း၌သာ ဖက်တွယ်ကြ၏။ |
| ၉၀။ | وَقَالُواْ لَن نُّؤْمِنَ لَكَ حَتَّى تَفْجُرَ لَنَا مِنَ الأَرْضِ يَنبُوعًا۝<br>သူတို့က ပြောကြသည်မှာ "ကျွန်ုပ်တို့အတွက် မြေကမ္ဘာမှ စမ်းတစ်သွယ် ပန်းထွက်လာသည့်တိုင် သင့်အား ယုံကြည်မည် မဟုတ်၊– |
| ၉၁။ | أَوْ تَكُونَ لَكَ جَنَّةٌ مِّن نَّخِيلٍ وَعِنَبٍ فَتُفَجِّرَ الأَنْهَارَ خِلالَهَا تَفْجِيرًا۝<br>–သို့မဟုတ် သင့်၌ စွံပလွန် စပျစ် ဥယျာဉ် တစ်ခုရှိ၍၊ ထိုမှ စိမ့်စမ်းတစ်ခုကို ရေပန်းလှိုင်လှိုင် စီးထွက် စေသော်လည်း၊– |
| ၉၂။<br>☆ ၂:၂၁၀ | أَوْ تُسْقِطَ السَّمَاء كَمَا زَعَمْتَ عَلَيْنَا كِسَفًا أَوْ تَأْتِيَ بِاللّهِ وَالْمَلآئِكَةِ قَبِيلاً۝<br>–သို့မဟုတ် သင်ကြံကြီးစည်ရာ တွေးသကဲ့သို့ ကောင်းကင်ယံသည် ကျွန်ုပ်တို့အပေါ်သို့ အစိတ်စိတ် ကွဲပြိုကျစေ သော်လည်း၊ သို့မဟုတ် ပရမတ်ဘုရားရှင်နှင့် နတ်ဒေဝါများကို☆ ကျွန်ုပ်တို့ ရှေ့သို့ ယူခဲ့သော်လည်း– |

(၆၃၉) **ရူးဟ်** ဆိုသည်မှာ သင် (လူသား)တို့အား ချီးမြှင့်ပေးထားသော ပင်မ အသိပညာ ကွန်ယက်ကြီးမှ အနည်းငယ်သော အစိတ်အပိုင်း ဖြစ်သည် ဟု ဆိုသောကြောင့် **ရူးဟ်**ကို ကောင်းကင်တမန် (နတ်ဒေဝတာ) ဟု ပြန်ဆိုခြင်းမှာ လုံးဝ မှားယွင်းပေသည်။

၉၃။ أَوْ يَكُونَ لَكَ بَيْتٌ مِّن زُخْرُفٍ أَوْ تَرْقَى فِي السَّمَاء وَلَن نُّؤْمِنَ لِرُقِيِّكَ حَتَّى تُنَزِّلَ عَلَيْنَا كِتَابًا نَّقْرَؤُهُ قُلْ سُبْحَانَ رَبِّي هَلْ كُنتُ إَلاَّ بَشَرًا رَّسُولاً ۝

သို့မဟုတ် သင့်တွင် ရွှေနန်းပြသဒ် ရှိသော်လည်း၊ သို့မဟုတ် သင်သည် ကောင်းကင်သို့ တက်ပြသော်လည်း၊ သင် တက်ပြသော်လည်း ကျွန်ုပ်တို့ ဖတ်နိုင်သော ကျမ်းတစ်ဆူ မချမှတ်နိုင်လျှင် ယုံကြည်မည် မဟုတ်ချေ၊''ဟု ဖြစ်၏။ ဟောလော့ ''အတုမဲ့– ကျွန်ုပ်၏ ကံကြမ္မာရှင်အားဖြင့်၊ ကျွန်ုပ်သည် လူသား ဉာဏ်စဉ်တော်ဆောင် တစ်ပါးမျှသာ ဖြစ်၏။''

၉၄။ وَمَا مَنَعَ النَّاسَ أَن يُؤْمِنُواْ إِذْ جَاءهُمُ الْهُدَى إِلاَّ أَن قَالُواْ أَبَعَثَ اللّهُ بَشَرًا رَّسُولاً ۝

သူတို့ထံသို့ လမ်းညွှန်တရား ရောက်လာသော် ''ပရမတ်ဘုရားရှင်သည် လူသားကို ဉာဏ်စဉ်ဆောင်အဖြစ် ပွင့်ပေါ်စေ၏၊''ဟု ပြောဆိုခြင်းမှပ အခြားက လူသားတို့အား ယုံကြည်ခြင်းမှ ပိတ်ပင်ထားသည် မဟုတ်ချေ။

၉၅။ قُل لَّوْ كَانَ فِي الأَرْضِ مَلآئِكَةٌ يَمْشُونَ مُطْمَئِنِّينَ لَنَزَّلْنَا عَلَيْهِم مِّنَ السَّمَاء مَلَكًا رَّسُولاً ۝

ဟောလော့ ''မြေကမ္ဘာ၌ နတ်ဒေဝတာများ ဘဝင်တကျ လှုပ်ရှား နေထိုင်ကြလျှင်၊ ငါသည် သူတို့ထံသို့ နတ်တစ်ပါးကို ဉာဏ်စဉ်ဆောင် အဖြစ် ကောင်းကင်ယံမှ စေစားလတ္တံ့။[၆၀]''

၉၆။ قُلْ كَفَى بِاللّهِ شَهِيدًا بَيْنِي وَبَيْنَكُمْ إِنَّهُ كَانَ بِعِبَادِهِ خَبِيرًا بَصِيرًا ۝

ဟောလော့ ''သင်တို့နှင့် ကျွန်ုပ်၏ အကြား ပရမတ်ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်ပေ၏။ အရှင်သည် အမှုတော်ဆောင်များအား သတင်းသိနေတော်မူ၏၊ မြင်သိနေတော်မူ၏။

၉၇။ وَمَن يَهْدِ اللّهُ فَهُوَ الْمُهْتَدِ وَمَن يُضْلِلْ فَلَن تَجِدَ لَهُمْ أَوْلِيَاء مِن دُونِهِ وَنَحْشُرُهُمْ يَوْمَ الْقِيَامَةِ عَلَى وُجُوهِهِمْ عُمْيًا وَبُكْمًا وَصُمًّا مَّأْوَاهُمْ جَهَنَّمُ كُلَّمَا خَبَتْ زِدْنَاهُمْ سَعِيرًا ۝

ပရမတ်ဘုရားရှင်က လမ်းညွှန်တော်မူသော သူသည် လမ်းညွှန်မှန်၌ ရှိ၏။ အပယ်၌ ပစ်ထားခံရသော သူများအတွက် အရှင့်အား တုပြိုင်လျက် ကွပ်ကဲသူဟူ၍ တွေ့ရမည် မဟုတ်ချေ။ သူတို့အား ရပ်တည်မြဲမြံရသော နေ့ကာလ၌ သူတို့၏ မျက်နှာပေါ်၌ ကန်းသူ၊ အသူ၊ ပင်းသူ အဖြစ်ဖြင့် စုဆောင်းခံရစေလတ္တံ့။ သူတို့၏ နေရာထိုင်ခင်းမှာ ငရဲဘုံဖြစ်၍၊ ၎င်းသည် အရှိန်လျော့လာလျှင် လောင်အားကို တိုးစေလတ္တံ့။

၉၈။ ذَلِكَ جَزَآؤُهُم بِأَنَّهُمْ كَفَرُواْ بِآيَاتِنَا وَقَالُواْ أَئِذَا كُنَّا عِظَامًا وَرُفَاتًا أَإِنَّا لَمَبْعُوثُونَ خَلْقًا جَدِيدًا ۝

၁၇း၄၉ ဤသည် ငါ၏ သုတ္တန်များကို ဖုံးကွယ်ခြင်းကြောင့် သူတို့အတွက် ဆုလဒ် ဖြစ်၏။ သူတို့က ''ကျွန်ုပ်တို့သည် အရိုးများ ဖြစ်ပြီး၊ တစ်စစီဖြစ်ပြီးနောက် အသစ်တဖန် ဖြစ်တည် ပေါ်ပေါက်ရမည်လော၊''ဟု ဆိုကြ၏။

၉၉။ أَوَلَمْ يَرَوْاْ أَنَّ اللّهَ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ قَادِرٌ عَلَى أَن يَخْلُقَ مِثْلَهُمْ وَجَعَلَ لَهُمْ أَجَلاً لاَّ رَيْبَ فِيهِ فَأَبَى الظَّالِمُونَ إَلاَّ كُفُورًا ۝

---

(၆၀) အစ္စလာမ်သာသနာက **မလာအိကာဟ်** ဆိုသည်ကို ဓါတ်ဘူတ နတ်ဒေဝတာ အဖြစ် ယုံကြည်ရန် မသွန်သင်ချေ။ ၎င်းသည် ပညာရပ်တစ်ခုခု အတွက် ထူးချွန်ပြောင်မြောက်သော ပါရမီရှင်များကိုသာ ခေါ်ဆိုသည်၊ (၂း၃၀)။ ဤသုတ်တော်မှ ဖော်ပြသော နတ်ဒေဝတာ ဆိုသည်မှာ အစ္စလာမ် မဟုတ်သူများ၏ ယုံကြည်နေမှုကို ယုတ္တိ မရှိကြောင်း ပြောလိုသည့် အတွက် သူတို့၏ အသုံးအနှုန်းဖြင့်သာ ပြောဆိုခြင်း ဖြစ်ပေသည်။ ထို မယုံကြည်သူများက လူသားများ အတွက် အသိဉာဏ်ဖြင့် သွန်သင်ရန် ပွင့်ပေါ်သော သူများမှာ လူသားစင်စစ်များ ဖြစ်သည်ကို ဘဝင်မကျနိုင်ဘဲ သူတို့အား ပြောဆို ဆုံးမသွန်သင်ရန် နတ်သကြားမင်းကြီးကိုသာ မျှော်ကိုးနေကြကြောင်း အထက်ဖော်ပြ သုတ်တော်များတွင် ပါဝင်ပြီး ဖြစ်ပေသည်။ ကျမ်းတော်က လူသားတို့အား ဆုံးမသွန်သင်ရန် လူသားကိုသာ ဆရာအဖြစ် စေစားကြောင်း၊ အကယ်၍ ဤကမ္ဘာတွင် လူသားများ မနေဘဲ နတ်ဒေဝတာများသာ နေလေလျှင်၊ နတ်မင်းတစ်ပါးကိုသာ ထိုနတ်များအတွက် ဆရာအဖြစ် စေလွှတ်မည် ဖြစ်ကြောင်း ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်၏ ဥပဒေအရ လူသားများအတွက် ပွင့်ပေါ်လာသော ရစူလ်များ၊ နဗီများ၊ မလာအိကာဟ်များသည် လူသားစင်စစ်များသာ ဖြစ်၍၊ နတ်ဒေဝတာများ မဟုတ်ချေ။

| | |
|---|---|
| | ကေန်ပင် မိုးများနှင့် မြေကမ္ဘာအား စည်းချိန်တကျ ဖြစ်တည်စေသော ပရမတ်ဘုရားရှင်သည် အလားတူ သူတို့အား ဖြစ်တည်စေနိုင်သည်ကို မသုံးသပ်နိုင်ကြသလော၊ အရှင်သည် သံသယ မဝင်နိုင်သော သက်တမ်းကို စီမံထား၏။ အမိုက်ကောင်များသည်ကား ဖုံးကွယ်ခြင်း၌သာ ဖက်တွယ်နေကြ၏။ |
| ၁၀၀။ | قُل لَّوْ أَنتُمْ تَمْلِكُونَ خَزَآئِنَ رَحْمَةِ رَبِّي إِذًا لَّأَمْسَكْتُمْ خَشْيَةَ الإِنفَاقِ وَكَانَ الإنسَانُ قَتُورًا۞<br>ဟောလော့ “သင်တို့သည် ကျွန်ုပ်ကံကြမ္မာရှင်၏ ကရုဏာ ဘဏ္ဍာတော်များကို အစိုးရလျှင်၊ သုံးစွဲရမည်ကို စိုးရိမ်လျက် သိမ်းဆည်းထားလတ္တံ့၊ ကေန်ပင် လူသားသည် စီးနဲလှ၏။ |
| ၁၀၁။<br><br>ပညတ်<br>တော် | وَلَقَدْ آتَيْنَا مُوسَى تِسْعَ آيَاتٍ بَيِّنَاتٍ فَاسْأَلْ بَنِي إِسْرَائِيلَ إِذْ جَاءهُمْ فَقَالَ لَهُ فِرْعَونُ إِنِّي لَأَظُنُّكَ يَا مُوسَى مَسْحُورًا۞<br>ငါသည် မူဆာအား **သုတ်ဒေသနာ** ကိုးပါးဖြင့် ချီးမြှင့်တော်မူ၍၊ ဂျူးလူမျိုးတို့အား မေးမြန်းတော်မူ၏။[၆၄၁] သူတို့ထံသို့ သူရောက်လာသောအခါ၊ ဖာရိုးက သူ့အား “အို မူဆာ သင့်အား ပြုစားခံရသူဟု ကျွန်ုပ်ထင်၏၊”ဟု ဆို၏။ |
| ၁၀၂။ | قَالَ لَقَدْ عَلِمْتَ مَا أَنزَلَ هَؤُلاء إِلاَّ رَبُّ السَّمَاوَاتِ وَالأَرْضِ بَصَآئِرَ وَإِنِّي لَأَظُنُّكَ يَا فِرْعَونُ مَثْبُورًا۞<br>သူက “ဤချမှတ်ပေးသော အရာများသည် မိုးများနှင့် မြေ၏ ကံကြမ္မာရှင်၏ ထံမှသာ ပြသခြင်း ဖြစ်ကြောင်း အသင် သိပါ၏၊ အို ဖာရိုး–သင်သည် မှေးမှိန်ရမည်ဟု ကျွန်ုပ် ဆင်ခြင်မိ၏၊”ဟု ဆို၏။ |
| ၁၀၃။<br>☆<br>၂း၅၀ | فَأَرَادَ أَن يَسْتَفِزَّهُم مِّنَ الأَرْضِ فَأَغْرَقْنَاهُ وَمَن مَّعَهُ جَمِيعًا۞<br>သူတို့အား တိုင်းပြည်မှ လှန့်ထုတ် လို၏၊ ငါသည် သူနှင့်တကွ သူ့လူအားလုံးကို နစ်မြုပ်စေလိုက်ပြီ။☆ |
| ၁၀၄။ | وَقُلْنَا مِن بَعْدِهِ لِبَنِي إِسْرَائِيلَ اسْكُنُواْ الأَرْضَ فَإِذَا جَاء وَعْدُ الآخِرَةِ جِئْنَا بِكُمْ لَفِيفًا۞<br>သူ၏နောက် ငါသည် ဂျူးလူမျိုးတို့အား “တိုင်းပြည်တွင်း အခြေချကြလော့၊ အနာဂါတ်နှင့် စပ်လျဉ်းသော ကတိတော် ရောက်လာသော် သင်တို့အား စုလုံး ဆောင်ကြဉ်းလတ္တံ့။[၆၄၂] |
| ၁၀၅။ | وَبِالْحَقِّ أَنزَلْنَاهُ وَبِالْحَقِّ نَزَلَ وَمَا أَرْسَلْنَاكَ إِلاَّ مُبَشِّرًا وَنَذِيرًا۞<br>ပရမတ္ထသစ္စာဖြင့် ငါသည် ချမှတ်ပေးတော်မူ၏၊ သစ္စာတရားသည် ချမှတ်ခံခဲ့ရပြီ။ သင့်အား သတင်းကောင်းပေးသူ၊ သတိပေးသူ အဖြစ်ဖြင့်သာ စေပို့တော်မူ၏။ |
| ၁၀၆။ | وَقُرْآناً فَرَقْنَاهُ لِتَقْرَأَهُ عَلَى النَّاسِ عَلَى مُكْثٍ وَنَزَّلْنَاهُ تَنزِيلاً۞<br>ငါသည် ကုရ်အံကျမ်းတော်အား အရစ်ကျဖြစ်စေခြင်းမှာ သင်သည် လူသားတို့အား ဖြေးဖြေးခြင်း ရွတ်ပြနိုင်အံ့ငှာ ဖြစ်၏၊ ငါသည် ၎င်းကို အလီလီ ချမှတ်ပေး၏။ |
| ၁၀၇။ | قُلْ آمِنُواْ بِهِ أَوْ لاَ تُؤْمِنُواْ إِنَّ الَّذِينَ أُوتُواْ الْعِلْمَ مِن قَبْلِهِ إِذَا يُتْلَى عَلَيْهِمْ يَخِرُّونَ لِلأَذْقَانِ سُجَّدًا۞<br>ဟောလော့ “ထို၌ ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ၊ ဤမတိုင်မီက ပညာအလင်းရောင် ချီးမြှင့်ခံရသော သူများသည် သူတို့အား ရွတ်ဖတ်ပြသော အခါ၊ ဦးချ ဝပ်တွား ပူဇော်ကြ၏။ |

(၆၄၁) ကျမ်းတော်တွင် ဂျူးနှင့် ခရစ်ယာန်တို့ ပြောဆိုနေသော မောရှေ (ကိုယ်တော်မူဆာ)၏ ပညတ်တော် ၁၀ ပါး ဆိုသည်ကို အတည်ပြုခြင်း မရှိချေ၊ ကိုယ်တော်မူဆာအား ပညတ်တော် ၉ ပါးဖြင့် စေစားသည်ဟု ဤသုတ်တော်မှ ထင်ရှားစွာ ပြောဆိုထားပေသည်။ ထို့ပြင် မူဆလင် ဆိုသည်မှာ ဓမ္မဟောင်းကျမ်းစာကို လိုက်နာသူများသာ ဖြစ်သည်ဟူသည့် ခရစ်ယာန်ဆရာတော်တို့၏ ဝါဒဖြန့်ချိမှုများလည်း လုံးဝ မှန်ကန်မှု မရှိချေ။ မူဆလင်တို့ ဦးထိပ်ထား နှလုံးပိုက် ယုံကြည်သော ကျမ်းတော်မှာ ကုရ်အံကျမ်းတော်သာလျှင် ဖြစ်ကြောင်း ကမ္ဘာ့ပညာရှင်တိုင်း သိကြပေသည်။

(၆၄၂) အနာဂါတ်အတွက်ကတိတော် ဆိုသည်မှာ ရှေးဉာဏ်စဉ်တော်ဆောင်များမှ တစ်ဆင့် နောက်ပွင့်မည့် ဉာဏ်စဉ်တော်ဆောင် တစ်ပါး ရှိသည်ဟု ကတိတော်ကို ဆိုလိုပေသည်။ ထိုကတိတော်သည် ကိုယ်တော်မုဟမ္မဒ်ပွင့်ပေါ်၍ ကျမ်းတော်အား ချမှတ်ပေးခြင်း ပြည့်စုံလာခဲ့ပေသည်၊ (၁၀၈)။

| | |
|---|---|
| ၁၀၈။ | **وَيَقُولُونَ سُبْحَانَ رَبِّنَا إِن كَانَ وَعْدُ رَبِّنَا لَمَفْعُولاً ۞**<br>သူတို့က “တပည့်တော်တို့၏ ကံကြမ္မာရှင်သည် အတုမဲ့ ဖြစ်ပါ၏၊ ကေန်ပင် တပည့်တော်တို့အား ပေးခဲ့သည် ကတိတော်ကို ဖြည့်ဆည်းတော်မူလေပြီ၊”ဟု ရင့်ကျူးကြ၏။ |
| ၁၀၉။ | **وَيَخِرُّونَ لِلأَذْقَانِ يَبْكُونَ وَيَزِيدُهُمْ خُشُوعًا ۞**<br>သူတို့သည် မျက်ရည်ကျလျက် ဝပ်တွား ပူဇော်ကြ၏၊ ၎င်းသည် သူတို့အား နှိမ့်ချခြင်းစိတ်ကို ပွားစေ၏။ |
| ၁၁၀။ | **قُلِ ادْعُواْ اللّهَ أَوِ ادْعُواْ الرَّحْمَنَ أَيًّا مَّا تَدْعُواْ فَلَهُ الأَسْمَاء الْحُسْنَى وَلاَ تَجْهَرْ بِصَلاَتِكَ وَلاَ تُخَافِتْ بِهَا وَابْتَغِ بَيْنَ ذَلِكَ سَبِيلاً ۞**<br>ဟောလော့ “ပရမတ်ဘုရားရှင်ဟု တသလော့၊ သို့မဟုတ် တသလေ့ရှိမြဲ ကရုဏာရှင်ဟု တသလော့၊ သပ္ပါယ်သော ဂုဏ်တော်များသည် အရှင့်အဘို့ ဖြစ်၏။ သင်တို့ မေတ္တာဓိဋ္ဌာန်ပြုရာ၌ အသံမကျယ်လွန်း၊ မတိုးလွန်း ထိုနှစ်ရပ်ကြား နည်းလမ်းကို ရှာလော့။”[၆၄၂] |
| ၁၁၁။<br><br>☆<br>၂း၁၁၆ | **وَقُلِ الْحَمْدُ لِلّهِ الَّذِي لَمْ يَتَّخِذْ وَلَدًا وَلَم يَكُن لَّهُ شَرِيكٌ فِي الْمُلْكِ وَلَمْ يَكُن لَّهُ وَلِيٌّ مِّنَ الذُّلَّ وَكَبِّرْهُ تَكْبِيرًا ۞**<br>“ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်၏၊ ကိုယ်ပွား☆ယူမှတ်ခြင်း ကင်း၏၊ အချုပ်အခြာပိုင်စိုးရာ၌ အရှင့်သည် ရောပြွန်းဖက်စပ်မရှိ၊ မနိုင်မနင်းဟူ၍ မှီခိုကွပ်ကဲသူ မလိုချေ၊ အရှင်၏ ကြီးကျယ်မှုသည် အကြီးကျယ်ဆုံး ဖြစ်တော်မူ၏။ |

---

(၆၄၂) ကိုးကွယ်ရာအရှင်အား အလ္လာဟ်ဟု ဖြစ်စေ၊ ကရုဏာတော်ရှင်ဟု ဖြစ်စေ၊ အခြားသော တင့်တယ် ဂုဏ်ရှိသော အမည်နာမ ဂုဏ်တော်များမှ မည့်သည့် ဂုဏ်တော်ဖြင့် မဆို တသရင့်ကျူးနိုင်ခွင့်ရှိသည်ဟု ဤသုတ်တော်က ခွင့်ပြုထားပေသည်။ အရှင်သည် လူ၊ ပုဂ္ဂိုလ်၊ အတ္တ တစ်စုံတစ်ယောက် မဟုတ်ချေ။ အရှင့်အား အမည်နာမ မူပိုင်ကင်ပွန်း တပ်နိုင်ခြင်း မရှိချေ။ လူသားအပေါင်း တရားရစေရန် ရှင်းပြနိုင်သော မည်သည့် နားလည်လွယ်သည့် စကားလုံးဖြင့် မဆို ထိုစကားလုံး ဝေါဟာရသည် တင့်တယ် သိက္ခာရှိလျှင် အရှင့်အား ခေါ်ဆို တသခွင့် ရှိပေသည်။